ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ရက်၊ သောကြာနေ့၊ (25-7-2003) (၃၉၄၂)

ယနေ့ထုတ်စောင်ရေ ၂၂၃၅၆၀

ဗုဒ္ဓစရိယ
တော် မင်္ဂလ မုတ္တမံ။

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



၁၉၉၄ခုနှစ် ဩဂုတ် ၁၈ရက်တွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုသိမ်ဒီဂရီကောလိပ်မှ ပုသိမ်တက္ကသိုလ်သို့ အဆင့်မြှင့်ဖွင့်လှစ်နိုင်ရေး မှာကြားချက်အရ ၁၉၉၆ခုနှစ် စက်တင်ဘာ ၂ရက်၌ ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက် ကန်သုံးဆင့်တွင် အဆင့်မြှင့် ဖွင့်လှစ်လိုက်သော ပုသိမ်တက္ကသိုလ် အဆောက်အအုံကို ဤသို့မှတ်တမ်းတင်ခဲ့သည်။
ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

မြန်မာနိုင်ငံ၏ စပါးကျီ ဧရာဝတီတိုင်းအတွင်း မိုးစပါးဧက ၃၃သိန်းကျော် ယခုနှစ်စိုက်မည် လယ်ယာလုပ်သားတို့ အားနှင့်မာန်နှင့် လုပ်ငန်းခွင်ဝင်

သတင်းဆောင်းပါး–ရွှေတင်အုန်း၊ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၂၄

ကြေးမုံသတင်းအဖွဲ့ လိုက်ပါလာသော ကားကလေးသည် ရန်ကုန်–ပုသိမ်လမ်းမကြီးပေါ်၌ လျင်မြန်စွာ ပြေးလျက်ရှိသည်။ ရန်ကုန်မြေကိုကျော်လွန်သည်နှင့် လမ်းဝဲ/ယာတွင် စိမ်းလန်းသော လယ်ကွင်းပြင်များကို မျက်စိတစ်ဆုံး တွေ့မြင်လာရသည်။ မိုးသက်လေအေးအေး၊ ရေဖွေးဖွေးမှာ လယ်ယာလုပ်သားတို့ အားနှင့်မာန်နှင့် လုပ်ငန်းခွင်ဝင်နေကြသည်များကို ကျေးလက်သဘာဝ ပန်းချီကားတစ်ချပ်ပမာ မကြာခဏတွေ့မြင်ရသည်။ ယခုနှစ် စိုက်ပျိုးရာသီတွင် ဆန်စပါး လွတ်လပ်စွာရောင်းဝယ်မှု မူဝါဒသစ်အရ တောင်သူလယ်သမားဦးကြီးများ စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ မိမိတို့ကိုယ်တိုင် အကျိုးရှိနိုင်ကြမည့် ပထမဆုံးနှစ်လည်းဖြစ်သည်။ ထို့ပြင် ဧရာဝတီတိုင်းဟူသည်ကလည်း မြန်မာနိုင်ငံတော်၏စပါးကျီအဖြစ် သမိုင်းနှင့်ချီ၍ ရပ်တည်လာခဲ့သော တိုင်းတစ်ခုဖြစ်သည်။

မှာကြား

ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်ရုံးခန်း၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ကြေးမုံသတင်းအဖွဲ့ကို လက်ခံတွေ့ဆုံပြီး တိုင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး၊ စက်မှုဇုန်များဖွံ့ဖြိုးရေးနှင့် ရေယာဉ်၊ မော်တော်ယာဉ်တည်ဆောက်မှုလုပ်ငန်းများ၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ၊ ဇီဝမြေသြဇာထုတ်လုပ်သုံးစွဲမှု လုပ်ငန်းများကို သတင်းရယူရေးသားရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ကြေးမုံသတင်းအဖွဲ့သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိန်မောင်ထံ ဧရာဝတီတိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စပါးစိုက်ပျိုးမှုလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းလေ့လာကြသည်။

၂၀၀၃–၂၀၀၄ခုနှစ် မိုးစပါးစိုက်ပျိုးမှုတွင် ဧရာဝတီတိုင်း၏ ရေမြေသဘာဝအရ ရေတော် မိုးတော် ၂၆၄၀၄၆၇ ဧက၊ ရေကြီးကွင်း ၃၇၀၁၆၂ ဧက၊ ရေနက်ကွင်း ၂၆၂၂၉၂ ဧက၊ သဲဆန်ကုန်းကြောတွင် ၆၂၇၀၉ ဧက၊ ပင်လယ်ရေနစ်ဝင်တွင် ဧက ၄၀၆၉၀၊ စုစုပေါင်းဧက ၃၃၇၆၃၂၀ စိုက်ပျိုးလျက်ရှိသည်။

ပုသိမ်ခရိုင်

ဧရာဝတီတိုင်းအတွင်း ယခုနှစ်မိုးစပါးကို ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် စုစုပေါင်း ၈၇၃၆၉ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် စုစုပေါင်း ၁၄၂၇၅၇ ဧက၊သာပေါင်းမြို့နယ်တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာများမှ ဖြစ်ထွန်းအောင်မြင်ပြီး ပျိုးပင်များကို စပါးစိုက်ခင်းတွင် လယ်သူမကြီးများက အတန်းလိုက် စနစ်တကျ ကောက်စိုက်နေကြသည်ကို ဤသို့ မှတ်တမ်းတင်ခဲ့စဉ်။ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

ငြိမ်းချမ်းရေး၏ အနှစ်သာရ တန်ဖိုးထား တိုင်းရင်းသားအားလုံး ပေါင်းစည်းယှက်နွယ်နေထိုင်

၂၅-၇-၂၀၀၃ (သောကြာနေ့)

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ထွန်းကားဖြစ်တည်နေသော နိုင်ငံတော်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် သမိုင်းစဉ်တစ်လျှောက် အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြသူများဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် နေထိုင် လာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် သမိုင်းအစဉ်အလာသည် ယနေ့တိုင် ခိုင်မာမြဲမြံလျက်ရှိနေပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူမှုစီးပွားရေး ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နေထိုင်ရာဒေသများတွင် ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးပွားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံနှင့်လူမျိုး ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နေနိုင်ရေး တာဝန်များကိုလည်း ထမ်းရွက်လျက်ရှိသည်။ နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာရှိရှိ တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေးမှာ မြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် တည်တံ့ခိုင်မြဲနေရေးပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးဟန့်တားလာမည့် အန္တရာယ်ဟူသမျှကိုလည်း အစဉ်သတိပြု ဖယ်ရှားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်တစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူအများ ရရှိခံစားနေကြရပြီဖြစ်သည်။ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လျက်ရှိရာ ပြည်နယ်၊ တိုင်း ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ ကူးသန်းဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

ယခင်ကာလများက တစ်ဦးနှင့်တစ်ဦး၊ တစ်နေရာနှင့်တစ်နေရာ အကူးအသန်း အဆက်အသွယ် ပြုလုပ်နိုင်ခြင်းမရှိခဲ့သော နယ်စပ်အစွန်အဖျားဒေသများသည်ပင် ယခုအခါ ငြိမ်းချမ်းသာယာလျက်ရှိပြီး ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နေပြီ ဖြစ်သည်။ ဘာသာ၊ သာသနာနှင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပြီဖြစ်သည်။

ယင်းကဲ့သို့ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းရေးဖြစ်ထွန်းနေသည့်အတွက် တိုင်းရင်းသားအချင်းချင်း သွားလာဆက်ဆံမှုတိုးပွားလာခြင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ဖလှယ်နိုင်ခြင်း၊ ငြိမ်းချမ်းချစ်ကြည်စွာ ဆုံစည်းခွင့် ရရှိနိုင်ခြင်းတို့သည် ငြိမ်းချမ်းသာယာခြင်း၏ ရလဒ်ကောင်းများ ဖြစ်ထွန်းနေ၍ဖြစ်သည်။

နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ လိုလားစမြဲဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူအများ ငြိမ်းချမ်းသာယာစွာ လူမှုသုခအဝဝကို အပြည့်အဝ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် ခိုင်မြဲစွာ လွှမ်းခြုံထားရှိကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားနေရေး အလေးထားကြရမည်ဖြစ်သည်။ ရရှိထားပြီးဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု အမွန်အမြတ်တရားများ ဆက်လက်တည်တံ့ခိုင်မြဲနေစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးက ငြိမ်းချမ်းရေး၏ အနှစ်သာရများကို မြတ်နိုးတန်ဖိုးထားကြပြီး ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကို တိုင်းရင်းသားအားလုံး၏ ပေါင်းစည်းယှက်နွယ် နေထိုင်ဆောင်ရွက်မှုစွမ်းအားဖြင့် တည်ဆောက်ကြိုးပမ်းသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးကျော်စိုး	ညွှန်ကြားရေးမှူးချုပ် စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
(ခ) ဦးစန်းလွင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီမြန်အောင် သီလရှင်စာသင်တိုက်၏ အငွေမအကြိမ်မြောက် ဆက်ကပ်လှူဒါန်းပွဲတွင် ပင်လုံထိပ်ထားကုမ္ပဏီမှ ဦးစံနီသွင်–ဒေါ်လှမြင့်မိသားစုက တိုက်အုပ်ဆရာကြီး ဒေါ်ဇေယျဝတီအား သီလရှင် ဝါဆိုဝတ်စုံများ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကွန်ပျူတာပညာရှင်အသင်း ဟောပြောဆွေးနွေးပွဲ မည်သူမဆိုတက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၄

ITပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCSA)မှ ကြီးမှူး၍ လစဉ် Seminar များ ကျင်းပပေးလျက်ရှိရာ CE Technology Co., Ltd နှင့် Cho Cho Co., Ltd. တို့၏ ပံ့ပိုးကူညီမှုဖြင့်“ Security Protection Techniques and Computer Forensics” Seminar ကို Mr. Andy Ng (MD, VIS Technology Sdn Bhd) က ဟောပြော ဆွေးနွေးမည်ဖြစ်သည်။ ယင်းဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar ICT Park (Conference Hall) တွင် ဇူလိုင် ၂၈ ရက်(တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ ၁၁ နာရီထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် နားထောင် ဆွေးနွေးနိုင်ပါသည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဒေါ်ဉာဏစာရီမြန်အောင်သီလရှင်စာသင်တိုက် အငွေမအကြိမ်မြောက် ဝါဆိုဝတ်စုံလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက် အငွေမအကြိမ်မြောက် ဝါဆိုဝတ်စုံ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၀ရက် နံနက်၈နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ အခမ်းအနားသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ဇနီး ဒေါ်ခင်အေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၏ဇနီး ဒေါ်ခင်ညွှန့်မြိုင်၊ အမြောက်နှင့် သံချပ်ကာတပ်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မြဝင်း၏ဇနီး ဒေါ်သန်းသန်းဝင်း၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တသုဇန အမှူးပြုသော ဆရာတော် သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တိုက်အုပ်ဆရာကြီး ဒေါ်ဇေယျဝတီအမှူးပြုသော စာချစာသင်သာသနာ့နွယ်ဝင်သီလရှင်၂၆၅ပါးတို့အား အလှူရှင်များက ဝါဆိုဝတ်စုံများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

(က–ပ)

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

သုတဘဏ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က သုတဘဏ်စာတမ်းဖတ်ပွဲများကို ကျင်းပလျက်ရှိရာ ဇူလိုင်၂၆ရက်(စနေနေ့) မွန်းတည့်၁၂နာရီတွင် ဒေါက်တာတင်ထွန်းဦးက “ကူးစက်မြန်ပြင်းထန်နမိုးနီးယား(အဆုတ်ရောင်)SARS ရောဂါအကြောင်း”စာတမ်းကို အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ ဟောပြောပွဲခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများတက်ရောက်နားထောင်နိုင်ကြသည်။

ယင်းစာတမ်းဖတ်ပွဲတွင် ဆားစ်ရောဂါနှင့်စပ်လျဉ်း၍ ပြည်သူလူထု သိသင့်သိထိုက်သော ဆောင်ရန်ရှောင်ရန် ပညာပေးစာရွက်စာတမ်းများနှင့် ဝါဒီကရဏ ဆေးတိုက်မှ ဆေးသုံးမျိုး၊ အောင်တမန်ဆေးတိုက်မှ ဆေးနှစ်မျိုးနှင့် သန့်တည်ပွား ဦးမြင့်လွင် ရေးသားသော ဘာသာရေးစာအုပ်တစ်အုပ်တို့ကို တက်ရောက်သူများအား ဒါနပြုဝေငှမည်ဖြစ်သည်။ထို့ပြင် အမျိုးသားစာပေဆုရ စာတမ်းရှင် ဒေါက်တာတင်ထွန်းဦး ရေးသားသော မကြာမီကမှ ထုတ်ဝေခဲ့သည့် “ကူးစက်မြန်ပြင်းထန်နမိုးနီးယား(အဆုတ်ရောင်)ရောဂါ”စာအုပ်ကိုလည်း လေ့လာသူ စာတမ်းရေးသူများအတွက် အထူးနှုန်းဖြင့် ဖြန့်ချိရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် ရပ်ကွက်အသင်းခွဲများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၀ ရက်က အသင်းပိုင်ရုံး အပေါ်ထပ်၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ကြည်က ဘက်စုံထူးချွန် ပထမဆုနှင့် ရာသက်ပန်အသင်းသားအများဆုံး စုဆောင်းမှု တတိယဆုရ မြို့သစ်(က+ခ)ရပ်ကွက် အသင်းခွဲဥက္ကဋ္ဌ ဒေါ်ကျင်ပို့အား ဆုချီးမြှင့်စဉ်။ (က–ပ)

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အီရတ် ကိုယ်စားလှယ်အဖွဲ့ မိန့်ခွန်း ပြောကြားပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အတူ အီရတ် အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သုံးဦးအား ဇူလိုင် ၂၂ရက်က နယူးယောက်ရှိ ကုလသမဂ္ဂ ဌာနချုပ်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အီရတ်အုပ်ချုပ်ရေးကောင်စီမှ ကိုယ်စားလှယ်သုံးဦး အီရတ်နိုင်ငံအရေး လုံခြုံရေးကောင်စီတွင် တင်ပြ

ကုလသမဂ္ဂ ဇူလိုင် ၂၄

ကုလသမဂ္ဂသည် အီရတ်နိုင်ငံအား ဖရိုဖရဲဖြစ်နေသည့် လူ့အဖွဲ့အစည်းအဖြစ် ဖော်ပြနေကြောင်း ပြောဆိုကာ စစ်ပွဲလွန် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အချေအတင် ဆွေးနွေးရာတွင် အီရတ်ကိုယ်စားလှယ် သုံးဦးသည် အီရတ်နိုင်ငံအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အင်္ဂါနေ့က တင်ပြသည်။

အီရတ်ကိုယ်စားလှယ် သုံးဦးသည် ယာယီအစိုးရအဖွဲ့ကို ကိုယ်စားပြု၊ မပြု သို့မဟုတ် အီရတ်နိုင်ငံ၏ ကုလသမဂ္ဂ ကိုယ်စားလှယ်နေရာကို ယူ၊ မယူကို ဆုံးဖြတ်ချက် ချမှတ်မည် မဟုတ်ပေ။

သို့ရာတွင် အမေရိကန်က ခန့်အပ်သည့် အဖွဲ့ဝင် ၂၅ ဦးပါဝင်သော အီရတ်အုပ်ချုပ်ရေးကောင်စီ အသစ်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အဆိုပါ အီရတ်ကိုယ်စားလှယ် သုံးဦးသည် ၎င်းတို့ကိုယ်၎င်းတို့ အီရတ်အစိုးရသစ်ကို ကိုယ်စားပြုကြောင်း ကြေညာခဲ့ကြသော်လည်း တုံ့ပြန်မှု အနည်းအကျဉ်းသာ ရရှိခဲ့ကြောင်း သံတမန်များက ပြောကြားသည်။

အီရတ်နိုင်ငံအား အီရတ်နိုင်ငံသားများ ထိန်းချုပ်ရေးကို မြင်တွေ့ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စိတ်အားထက်သန်နေသော်လည်း ပြည်ပြေးနိုင်ငံရေး အုပ်စုများ၏ အဓိက အဖွဲ့အစည်းဖြစ်သည့် အီရတ်နေရှင်နယ်ကွန်ဂရက် အကြီးအကဲ အာမက်ချာလာဘီ အီရတ်၌ ရှိနေမှုက စိုးရိမ်ပူပန်မှုအချို့ကို ဖြစ်စေသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန် စစ်ယာဉ်တန်းကို တိုက်ခိုက် သံချပ်ကာတပ်မမှ စစ်သည်တစ်ဦး ကျဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၃

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်အရပ်၌ အမေရိကန် စစ်ယာဉ်တန်း တစ်ခုကို လက်နက်ငယ်များ၊ ဒုံးကန်အားသုံးလက်ပစ်ဗုံးများဖြင့် တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်စစ်သားတစ်ဦး ကျဆုံးသွားသည်ဟုအမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

ယခု တိုက်ခိုက်မှုသည် အင်္ဂါနေ့ နံနက် ၉ နာရီခန့်တွင် ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်အရပ် ရာမာဒီမြို့နှင့် ဘလက်မြို့အကြား ဆွန်နီတြိဂံဒေသဟု သတ်မှတ်ထားသောနယ်မြေတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ကျဆုံးသွားသောစစ်သည်မှာ အမှတ်(၃)သံချပ်ကာ တပ်မမှ ဖြစ်သည်။ ဆွန်နီတြိဂံဒေသသည် အမေရိကန်တပ်ဖွဲ့များအား မကြာခဏ ချုံခိုတိုက်ခိုက်ရာ အရပ်ဒေသ ဖြစ်သည်။

အသက်ဆုံးရှုံး

အမေရိကန်သမ္မတ ဘုရှ်က မေလ ၁ရက်တွင် အီရတ်တိုက်ပွဲကြီးများပြီးဆုံးသွားပြီဟု ကြေညာခဲ့သည်။ ထို့နောက်ပိုင်းတွင်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သည် ၃၉ ဦး အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ထိုတိုက်ခိုက်မှုများသည် ခေါင်းမာလှသော ဆက်ဒမ်အား ထောက်ခံသူများ၏ လက်ချက်ဖြစ်သည်ဟု ဝါရှင်တန်က အပြစ်ဖို့ထားသည်။

ဖိအားပေး

အီရတ်တွင် နေ့စဉ်ဖြစ်ပွားနေသော တိုက်ခိုက်မှုများကြောင့် ဝါရှင်တန်၏ အီရတ်နိုင်ငံနှင့် သက်ဆိုင်သော အနေအထားအပေါ် တို့၌ဖိအားပေးသကဲ့သို့ ရှိသည်။ အမေရိကန်နိုင်ငံသည် အီရတ်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂမှ တစ်ဆင့် အခြားနိုင်ငံများကို တပ်ဖွဲ့အကူအညီနှင့် ငွေကြေးအကူအညီများ တောင်းခံရန် လမ်းဖွင့်ထားသည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်ခုခံရေးသမားများ လှုပ်ရှားနေသမျှ အမေရိကန်တပ်များ အီရတ်မှ မရုပ်သိမ်းဟုဆို

မော်စကို ဇူလိုင် ၂၂

ပြုတ်ကျသွားသော အီရတ်အစိုးရအားထောက်ခံသူ လက်နက်ကိုင် ၃၀၀၀၀ ခန့်တို့ တက်ကြွလှုပ်ရှားနေသမျှ အမေရိကန် တပ်သားများအနေဖြင့် အီရတ်နိုင်ငံမှ ထွက်ခွာသွားနိုင်မည် မဟုတ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ထိပ်တန်းအကြံပေးအရာရှိ ရစ်ချတ်ပါလေက ပြောကြားလိုက်သည်။

ရစ်ချတ်ပါလေသည် ရုရှားနိုင်ငံခြားဆက်ဆံရေးသိပ္ပံတွင် ဟောပြောရန် မော်စကိုမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

အကဲဖြတ်

အမေရိကန်အစိုးရသည် အီရတ်စစ်ပွဲကိုဆန့်ကျင်သည့် ရုရှားသမ္မတပူတင်ကို ယေဘုယျအပြုသဘော ရှုမြင်ကြောင်း၊ သို့သော် အနာဂတ်တွင် ရုရှားသမ္မတအား အကဲဖြတ်ရာ၌ အပြောထက် သူ၏ လုပ်ရပ်ဖြင့်သာ အကဲဖြတ်ရမည်ဖြစ်ကြောင်း ရစ်ချတ်ပါလေက ပြောကြားလိုက်သည်။

အမေရိကန်တပ်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းပေးရေးတွင် ၎င်းက အချိန်ကန့်သတ်ချက် မပေးဘဲ ယင်းကိစ္စမှာ အီရတ်နိုင်ငံ၌ ဘေးအန္တရာယ်ကင်းရှင်းသည်ဟု၍ အမေရိကန်အစိုးရက ယူဆမှသာလျှင် တပ်များကို ရုပ်သိမ်းပေးမှာဖြစ်ကြောင်း ပြောကြားလိုက်သည်။ ***အင်တာနက်။***

တရုတ်ပြည်၌ ကြယ်ပွင့်အဆင့် ဟိုတယ်ပေါင်း အလုံး ၈၈၀၀ ရှိ

ဘေဂျင်း ဇူလိုင် ၂၃

၂၀၀၂ခုနှစ်အကုန်တွင် တရုတ်ပြည်၌ ကြယ်ပွင့်အဆင့်အတန်းရှိ ဟိုတယ်အရေအတွက်မှာ အလုံးပေါင်း ၈၈၀၀ ရှိကြောင်း တရုတ်အမျိုးသားခရီးသွားလာရေး အုပ်ချုပ်ရေးအဖွဲ့(အင်န်တီအေ)က ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

တရုတ်ပြည်၌ ၂၀၀၁ခုနှစ်အကုန်တွင် ကြယ်ပွင့်အဆင့်အတန်းရှိ ဟိုတယ် ၇၃၅၈ လုံးရှိခဲ့သည်။

အင်န်တီအေကထုတ်ပြန်သည့် စာရင်းဇယားများအရ ၂၀၀၂ ခုနှစ်အကုန်တွင် တရုတ်ပြည်၌ ကြယ်ငါးပွင့် ဟိုတယ် ၁၇၅ လုံး၊ ကြယ်လေးပွင့် ဟိုတယ် ၆၃၅ လုံး၊ ကြယ်သုံးပွင့်ဟိုတယ် ၂၈၄၆ လုံး၊ ကြယ်နှစ်ပွင့် ဟိုတယ် ၄၄၁၄ လုံးနှင့် ကြယ်တစ်ပွင့်ဟိုတယ် ၈၁၀ လုံးတို့ရှိကြောင်း သိရသည်။

တရုတ်ပြည် ဟိုတယ်စီးပွားရေးလုပ်ငန်းသည်အမေရိကန်ဒေါ်လာ ၁ဒသမ ဝ၆ဘီလျံရှိရာ နှစ်အလိုက် တိုးတက်မှု အမေရိကန်ဒေါ်လာ ၁ဒသမ၈၃ဘီလျံ ရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

လေ့ကျင့်ရေးကွင်းဆင်း

ဘာစီလိုနာ ဘောလုံးအသင်း၏ ကစားသမားအသစ် ရိုနယ်ဒင်ဟို (ဝဲ) အား အသင်းနည်းပြ ရစ်ဂျ်ကတ်နှင့်အတူ ပထမဆုံး လေ့ကျင့်ရေး ကွင်းဆင်းလာသည်ကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ပြီးသော်လည်း စက်မှုလုပ်ငန်းများ အခြေအနေကောင်းမွန်ခြင်းမရှိ ဗြိတိသျှစက်မှုလုပ်ငန်းများ၏ ရှေ့အလားအလာထုတ်ပြန်ကြေညာ

လန်ဒန် ဇူလိုင် ၂၃

ဗြိတိန် စက်မှုကွန်ဖက်ဒရေးရှင်းအဖွဲ့(စီဘီအိုင်)သည် ဗြိတိန်စီးပွားရေး လုပ်ငန်းများ၏ စီးပွားရေး အခြေအနေကို လေ့လာစိစစ်ပြီး သုံးလပတ် စက်မှုလုပ်ငန်းများ၏ ရှေ့အလားအလာကို ထုတ်ပြန်ကြေညာလိုက်သည်။

ထိုထုတ်ပြန်ကြေညာချက်၌အီရတ်စစ်ပွဲပြီးသွားသော်လည်း ဗြိတိန်စက်မှုလုပ်ငန်းများ၏ အခြေအနေမှာ ကောင်းမွန်လာခြင်း မရှိသည်ကို တွေ့ရသည်။ ကုန်စည်အမှာစာများ လျော့နည်းနေပြီး ထုတ်လုပ်မှုမှာလည်း ကျဆင်းလျက်ရှိသည်ဟုဆိုသည်။

စက်မှုလုပ်ငန်းကုမ္ပဏီပေါင်း ၉၀၀ နီးပါးကို လေ့လာရာ ၃၈ ရာခိုင်နှုန်းမှာ ပြည်တွင်းအမှာစာများ လျော့နည်းသွားသည်ကိုတွေ့ရပြီး ၁၄ ရာခိုင်နှုန်းသာ အမှာစာများ မြင့်တက်လာကြောင်း တွေ့ရသည်။ ထိုကိန်းဂဏန်းများက စက်မှုလုပ်ငန်းများ၏ အခြေအနေမှာ ဧပြီလကထက်ပင် ပို၍ဆိုးရွားလာသည်ကို ပြသနေကြောင်းတွေ့ရသည်။

ပြည်ပပို့ကုန် အမှာစာများ၏အခြေအနေမှာ ပြည်တွင်းကုန်အမှာစာများ၏ အခြေအနေထက်ပင် ဆိုးရွားသေးသည်။ တစ်ဆယ့်ရှစ်လတာ ကာလအတွင်း အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေသည်။ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု အခြေအနေမှာလည်း နိမ့်ကျနေသည်။ လုပ်ငန်းသုံးပုံနှစ်ပုံသည် စက်စွမ်းအားပြည့် မလည်ပတ်နိုင်ဘဲ ရှိသည်။

အီရတ်စစ်ပွဲ ပြီးသွားသည့်တိုင်အောင် စက်မှုလုပ်ငန်းများ၏ အခြေအနေမှာ ကောင်းမလာဘဲ ရှိသည်။ ငွေကြေးဈေးကွက်တွင် ပေါင်စတာလင်အားပျော့နေသည့်တိုင်အောင် ကုန်အမှာစာများ တိုးမလာဘဲနည်းမြဲနည်းလျက်ရှိသည်။***အင်တာနက်။***

ဘုရှ်၏နိုင်ငံခြားရေးဝါဒ မောက်မာစီးပိုးသည့် တစ်ဖက်သတ်ဝါဒဖြစ် သမ္မတအဖြစ်အရွေးခံမည့် ဒီမိုကရက်တစ်ပါတီမှ ဂျီဖတ်ကရှုတ်ချ

ဆန်ဖရန်စစ္စကို ဇူလိုင် ၂၃

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ နိုင်ငံခြားရေးဝါဒသည် ယောက်ျားတို့၏ အားမာန်ကို အလွန်အကြူး ဖော်ကျူးရေးဝါဒဖြစ်ပြီး မောက်မာစီးပိုးသည့် တစ်ဖက်သတ်လုပ်ဆောင်ရေးဝါဒ ဖြစ်ကြောင်း သမ္မတ အဖြစ် ဝင်ရောက်အရွေးခံမည့် အမေရိကန်ဒီမိုကရက်တစ်ပါတီမှ ရစ်ချတ်ဂျီဖတ်က အင်္ဂါနေ့တွင် ရှုတ်ချပြောကြားလိုက်ကာ ဘုရှ်၏အီရတ်နိုင်ငံဆိုင်ရာ လိမ္မာပါးနပ်မှုမရှိသည့် မူဝါဒကြောင့် အမေရိကန်ပြည်ထောင်စု၏ ပြည်ပရောင်းရင်းနိုင်ငံများနှင့် ညီညွတ်ရေးပြိုကွဲစေပြီး အမေရိကန် ပြည်ထောင်စုအား အန္တရာယ်သက်ရောက်စေကြောင်းကိုလည်း ထပ်မံပြောကြားလိုက်သည်။

– ဝေဖန်တိုက်ခိုက် –

သမ္မတဘုရှ်သည် ၎င်း၏ရောင်းရင်းနိုင်ငံများအား အမေရိကန်ပြည်ထောင်စုမှ အကူအညီရယူရန် ကြိုးပမ်းနေသည့် နိုင်ငံများအဖြစ် ဆက်ဆံလျက်ရှိပြီး အီရတ်နိုင်ငံတည်ငြိမ်မှု ရရှိရေးအတွက် တစ်မုဟုတ်ချင်းဆိုသလို ကုလသမဂ္ဂနှင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)တို့မှ အကူအညီ ရရှိရန် နည်းလမ်းရှာနိုင်ကြောင်းဖြင့် မစ်ဆူရီပြည်နယ်အောက်လွှတ်တော်အမတ်က ဘုရှ်၏ သံတမန် ပရိယာယ်ကို ဝေဖန်တိုက်ခိုက် ပြောကြားသည်။

နိုင်ငံခြားရေးမူဝါဒဟူသည် ရုပ်ရှင်မင်းသားဂျွန်ဝိန်းပါဝင်သည့် ရုပ်ရှင်ကားတစ်ကားကဲ့သို့ လူဆိုး ဆိုဖမ်း၊ လူအေးအချို့ကို မြှောက်ပင့်ထောမနာပြု၊ နောက်ဆုံးအရာရာကို မှောင်ချပစ်ဆိုသလို မဟုတ်ကြောင်း အီရတ် စစ်ပွဲဖြစ်ပွားရာတွင် ဘုရှ်အားထောက်ခံခဲ့သူ ဂျီဖတ်က ပြောကြားသည်။

သံခင်းတမန်ခင်း ပရိယာယ်သည် ပြဿနာဖြစ်ကြောင်း၊ ဝန်ပိနေမှုကို ခွဲဝေတာဝန်ယူရေးသည် လည်း ပြဿနာဖြစ်ကြောင်း၊ အရှိန်မပျက်ဆက်လက်လုပ်ကိုင်မှုသည်လည်း ပြဿနာပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး စဉ်ဆက်မပြတ် ထိန်းသိမ်းရေးသည် ပိုမိုခက်ခဲလှကြောင်း၊ ပိုမိုရှုပ်ထွေးပွေလီလှကြောင်း၊ အီရတ်စစ်ပွဲအောင်နိုင်မှုထက် ပိုမိုတန်ဖိုးကြီးမားလှကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။

ဂျီဖတ်ကအီရတ်စစ်ပွဲဖြစ်ပွားမှုအပေါ် ဝန်ချတောင်းပန်မည်မဟုတ်ကြောင်း၊ သို့ရာတွင် မိမိအနေ ဖြင့် သမ္မတ ဂျော့ဂျ်ဘုရှ်သည် လွန်ခဲ့သည့် လေးနှစ်ကထက် လုံခြုံမှုရှိအောင်နှင့် အာမခံချက်ရှိစေရန် ဆောင်ရွက်ရာတွင် အားပျော့လျက်ရှိကြောင်း ယုံကြည်သဖြင့် သမ္မတရွေးပွဲတွင် မိမိအရွေးခံရန် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျီဖတ်သည် အခြားဒီမိုကရက်တစ်အချို့၊ ပြိုင်ဘက်နှင့် ဗားမောင့်ပြည်နယ်အုပ်ချုပ်ရေးမှူး ဟိုဝါဒ်ဒင်းတို့က အီရတ်စစ်ပွဲဆုံးဖြတ်ချက်မထောက်ခံမီ ဘုရှ်၏ အစီအစဉ်များနှင့် ပတ်သက်၍ လုံလောက်သည့် မေးခွန်းများ မေးမြန်းခြင်းမရှိခဲ့မှုအပေါ် ဝေဖန်တိုက်ခိုက်မှုကို ခံရလျက်ရှိသည်။

– လျစ်လျူရှုခဲ့ –

မိမိကသမ္မတဘုရှ်သည် ၎င်း၏ ရောင်းရင်းများနှင့် ကုလသမဂ္ဂတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရန် အီရတ်နိုင်ငံတွင် စစ်ပွဲလွန်ကာလတည်ငြိမ်ရေးနှင့် ပတ်သက်သည့် အစီအစဉ်များ ချမှတ်ရန် တိုက်တွန်းထားသည့် အီရတ် နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ပြောင်းလဲရန် ကူညီခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါမူဝါဒများကို လျစ်လျူရှုခဲ့ကြောင်း ဂျီဖတ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်စစ်သားများ အီရတ်စေလွှတ်ရေး ဂျပန်ပြည်သူများစိုးရိမ်

တိုကျို ဇူလိုင် ၂၃

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ကူညီရန်ဂျပန်စစ်သားများကို စေလွှတ်ခွင့်ပြုမည့် ဥပဒေကြမ်းတစ်ရပ်ကို ဂျပန်နိုင်ငံက ယခုရက်သတ္တပတ်တွင် အတည်ပြုပြဋ္ဌာန်းတော့မည်ဖြစ်သည်။ သို့သော် လုံခြုံရေးနှင့် စပ်လျဉ်း၍ ဂျပန်ပြည်သူတို့က ပိုမို စိုးရိမ်မကင်းရှိကြောင်း အင်္ဂါနေ့က လူထုသဘောထား ဆန်းစစ်ချက်က ဖော်ပြနေသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံမိုဆူးလ်မြို့တွင် ဇူလိုင် ၂၂ ရက်က အမေရိကန်တပ်ဖွဲ့များစီးနင်းဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဆက်ဒမ်ဟူစိန်၏ ညီအစ်ကိုဝမ်းကွဲတော်သူ ပိုင်ဆိုင်သော အဆောက်အအုံကို ဝိုင်းအုံကြည့်ရှုနေကြစဉ်။ (ယင်းစီးနင်း တိုက်ခိုက်မှုကြောင့် လူလေးဦး သေဆုံးခဲ့ရာ ယင်းတို့ထဲတွင် ဆက်ဒမ်၏ သားနှစ်ဦးဖြစ်သူ အူဒေးနှင့်ကူဆေးတို့ပါဝင်သည်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ နိုင်ငံတကာကြက်ခြေနီအဖွဲ့ပိုင်ကား တိုက်ခိုက်ခံရ ကြက်ခြေနီအဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

ဂျီနီဗာ ဇူလိုင် ၂၃

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)က ဘဂ္ဂဒက်မြို့တောင်ဘက်၌ အင်္ဂါနေ့က ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြက်ခြေနီအဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ၎င်း၏ ယာဉ်မောင်းတစ်ဦး ဒဏ်ရာရသွားသည်ဟု ကြေညာသည်။

သေဆုံး

ကြက်ခြေနီအဖွဲ့ဝင် သီရိလင်္ကာနိုင်ငံမှ နာဒီရှာသည် ၎င်း၏ ယာဉ်မောင်းဟာမက်ရာရှစ်နှင့်အတူ ဟီလာမြို့အနီးမော်တော်ကားစီးသွားစဉ် တိုက်ခိုက်ခံရပြီး နာဒီရှာမှာ နေရာတွင်ပင် သေဆုံးသွားသည်။

၎င်းစီးနင်း လိုက်ပါသွားသည့် မော်တော်ကားမှာ အိုင်စီအာရ်စီ၏ အမှတ်အသားသင်္ကေတများ အထင်အရှား တွေ့မြင်နိုင်ကြောင်းဖြင့် ဆွစ်ဇာလန် အခြေစိုက် နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ(အိုင်စီအာရ်စီ)က ကြေညာသည်။

အီရတ်နိုင်ငံ၌ အိုင်စီအာရ်စီ အရာရှိ ၈၅ဝ ခန့်ရှိပြီး အမေရိကန်တပ်များ ဘဂ္ဂဒက်မြို့တော်ကို သိမ်းပြီးနောက် ဘဂ္ဂဒက်မြို့တော်တွင် အိုင်စီအာရ်စီကနေဒါအရာရှိတစ်ဦး ပစ်သတ်ခံရပြီးနောက် လုပ်ငန်းများ ဧပြီလဆန်းတွင် ခေတ္တရပ်ဆိုင်းခဲ့သည်။

အကြောင်းမရှိ

သို့သော် အိုင်စီအာရ်စီအနေဖြင့် ယခုအခါ လုပ်ငန်းများရပ်ဆိုင်းရန် သို့မဟုတ် အီရတ်မှ ရုပ်သိမ်းသွားရန် အကြောင်းမရှိဟုအိုင်စီအာရ်စီ ပြောရေးဆိုခွင့်ရှိသူ အင်ဆိုနယ်လာနိုတာရီက ရိုက်တာသို့ ပြောကြားလိုက်သည်။ သို့သော်လည်း အိုင်စီအာရ်စီအနေဖြင့် လုံခြုံရေးအစီအမံများကို သုံးသပ်မည်ဖြစ်သည်ဟုဆိုသည်။

မတော်တဆမဟုတ်

အင်္ဂါနေ့က ဖြစ်ပွားသော အဆိုပါ တိုက်ခိုက်မှုမှာ မတော်တဆမဟုတ်ကြောင်း၊ သို့သော် မည်သည့်အတွက်ကြောင့် ပစ်မှတ်ထားတိုက်ခိုက်သည်ကိုလည်း သတင်းမရရှိကြောင်းဖြင့် ပြောရေး ဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။ ***အင်တာနက်။***

အမေရိကန်တပ်သားများ တိုက်ခိုက်ခံနေရမှု ယခင်အစိုးရအဖွဲ့ဟောင်းနှင့် ပတ်သက်ခြင်းမရှိ

အဘူဒါဘီ ဇူလိုင် ၂၃

အီရတ်နိုင်ငံရှိ အမေရိကန်တပ်သားများအား တိုက်ခိုက်နေမှုများသည် ရာထူးမှ ဖယ်ရှားခံရသည့် ဆက်ဒမ်ဟူစိန်၏ သစ္စာခံအလိုတော်ရိများလုပ်သည်ထက် အစ္စလမ္မစ်ဝါဒီများလုပ်ခြင်းသာဖြစ်ကြောင်း မည်သည့်အုပ်စုဟုဖော်ပြခြင်းမရှိသော အီရတ်စစ်သွေးကြွများက ရုပ်မြင်သံကြားသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအတွင်းဖြစ်ပွားနေသည့် တွန်းလှန်တိုက်ခိုက်မှုများအားလုံးကို မိမိတို့သိရှိကြောင်း မျက်နှာဖုံးစွပ်ထားသည့်သူတစ်ဦးက အဘူဒါဘီရုပ်မြင်သံကြားဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ အဖဘုရားသခင်အား သက်သေပြု၍ အမေရိကန်တပ်သားများအား ဆန့်ကျင်ဆင်နွှဲတိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုမျိုးသည် ယခင်အစိုးရအဖွဲ့ဟောင်းနှင့် ပတ်သက်ခြင်းမရှိကြောင်း မျက်နှာဖုံးစွပ်ထားသူ ၁ဝ ဦးထဲမှ မတ်တတ်ရပ်နေသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မိုးခေါင်မှုကြောင့် လယ်သမားများအား အကူအညီပေးရေး ဂျာမနီအစိုးရ စဉ်းစားနေ

ဘာလင် ဇူလိုင် ၂၃

ဂျာမနီအစိုးရသည် နွေရာသီက မိုးခေါင်မှုဒဏ်ကြောင့် ထိခိုက်နစ်နာခဲ့ရသည့် လယ်သမားများအား အကူအညီပေးရေးကို စဉ်းစားသုံးသပ် နေကြောင်းနှင့် အကန့်အသတ်ဖြင့် ရှိနေလင့်ကစား ဥရောပသမဂ္ဂ (အီးယူ) ထံမှ နောက်ထပ် အကူအညီများကို ရှာကြံသွားမည်ဖြစ်ကြောင်း ဂျာမန်စိုက်ပျိုးမွေးမြူရေးဝန်ကြီး ရီနိုတ်ကော်နတ်စ်ကအင်္ဂါနေ့တွင် ပြောကြားသည်။

လာမည့် သီတင်းပတ်အနည်းငယ်အတွင်း ကောက်ပဲသီးနှံ ထွက်ရှိမှုကိန်းဂဏန်းများ ရရှိသည့်အခါ ပြည်ထောင်စု အထူးအစီအစဉ်တစ်ရပ်ရှိနိုင်၊ မရှိနိုင်ကို မိမိတို့ သုံးသပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဇက်ဒီအက်ဖ်ရုပ်မြင်သံကြားဌာနသို့ပြောကြားသည်။

အရေးကြီးဆုံးမှာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းအဆင်ပြေစေနိုင်ရေး အစီအစဉ်ပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပုဂ္ဂလိကပညာရေး ဖွံ့ဖြိုးတိုးတက်မှု ဆွေးနွေးပွဲကျင်းပမည်

နန်ကျင်း ဇူလိုင် ၂၃

တရုတ်ပြည်အရှေ့ပိုင်း ကျန်စုပြည်နယ် မြို့တော်နန်ကျင်းတွင် တရုတ်ပြည် ပုဂ္ဂလိက ပညာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲကို အောက်တိုဘာ ၁ဝ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းကဲ့သို့သော ဆွေးနွေးမှုမျိုးတွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် အဆိုပါ ဖိုရမ်ဆွေးနွေးပွဲသည် ၂ဝဝ၂ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် နဝမအကြိမ်မြောက် တရုတ်ပြည်လုံးဆိုင်ရာပြည်သူ့ကွန်ဂရက် (အင်ပီစီ)က ချမှတ်ခဲ့သည့် ပုဂ္ဂလိက ပညာရေးတိုးမြှင့်မှုဥပဒေ အကောင်အထည်ဖော်ရန်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဇူလိုင် ၂၂ ရက်က အမေရိကန်နိုင်ငံ အင်ဒီယာနာပိုလစ်မြို့၌ ကျင်းပသည့် အာစီအေ တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ ဂျင်မိုက်ကယ်ဂမ်ဘီ (ဝဲပုံ)က ဆွီဒင်နိုင်ငံမှ ဟောမတ်စ် အင်ဗစ်ချ်နှင့် ယှဉ်ပြိုင်ကစားနေစဉ်။ (ထိုပွဲတွင်ဂမ်ဘီက ၆–၂၊ ၆–၂ ဖြင့် နိုင်ငံတကာပြိုင်ပွဲ အဆင့်တစ်ဆင့် တက်သွားသည်။)

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အာဆမ်နိုင်ငံများအား တရုတ်ပြည် တိုက်တွန်း

ဒါလီယန် ဇူလိုင် ၂၃

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မြဲစေရန်နှင့် တိုက်ကြီးနှစ်တိုက်အကြား ကုန်သွယ်ရေးဆက်ဆံမှုတိုးချဲ့ရန် တရုတ်ပြည် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး လျူဖူယွန်က အာရှ-ဥရောပ အစည်းအဝေး(အာဆမ်) အဖွဲ့ဝင်နိုင်ငံများကို အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

အာရှနှင့် ဥရောပနိုင်ငံများသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၌ စွမ်းရည်အများအပြားရှိကြောင်း တရုတ်ပြည် အရှေ့ပိုင်း ဒါလီယန်ဆိပ်ကမ်းမြို့တွင် အင်္ဂါနေ့နံနက်က ဖွင့်လှစ်သည့် သုံးရက်ကြာ အာရှ-ဥရောပအဆင့်မြင့် စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ၌ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇူလိုင် ၂၂ ရက်က ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံတွင် အီရတ်ကလေးငယ်တစ်ဦးအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးရန် ဆရာဝန်တစ်ဦးက ပြင်ဆင်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမ္မတမိန့်ခွန်း၌ အမှားအယွင်းပါရှိမှုအတွက် တောင်းပန် အမေရိကန် အမျိုးသားလုံခြုံရေးကောင်စီ တာဝန်ရှိသူပြောဆို

ဝါရှင်တန် ဇူလိုင် ၂၃

စတီဖင် ဟင်ဒလေသည် အမေရိကန်သမ္မတဘုရှ်၏ အမျိုးသားလုံခြုံရေးကောင်စီမှ လက်ထောက်အကြံပေးအရာရှိဖြစ်သည်။ သမ္မတဘုရှ်က နိုင်ငံသို့ ပြောကြားသော အီရတ်နိုင်ငံနှင့်ပတ်သက်သည့် မိန့်ခွန်းတွင် အာဖရိကမှ ယူရေနီယံဝယ်ယူသည်ဆိုသည့် အမှားအယွင်းမကင်းသော အချက်အလက်များ ပါသွားသည်။ ထိုသို့အမှားအယွင်းများပါသွားသည့်အတွက် ဟင်ဒလေက တောင်းပန်စကားကို ပြောကြားခဲ့သည်ဟု ဆိုသည်။ စတီဖင်ဟင်ဒလေသည် အမေရိကန်အစိုးရအရာရှိပိုင်းမှ တောင်းပန်စကားပြောကြားသော ဒုတိယအရာရှိဖြစ်သည်။

သမ္မတဘုရှ်၏ မိန့်ခွန်းတွင် အီရတ်သည် အဏုမြူလက်နက်ပြုလုပ်ရန်အတွက် အာဖရိကမှ ယူရေနီယံဓာတ်ကြွသတ္တုများ ဝယ်ယူရန် ကြိုးစားသည်ဟူသော အချက်များပါသွားသည်။

ကန့်ကွက်

ထိုကိစ္စနှင့်ပတ်သက်သော မှတ်တမ်းနှစ်စောင်ကို အမေရိကန်ထောက်လှမ်းရေးအဖွဲ့မှ ရရှိခဲ့ပြီး စီအိုင်အေ ညွှန်ကြားရေးမှူးကလည်း ကန့်ကွက်ကြောင်း အောက်တိုဘာလအတွင်းက တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့သည်။

ယင်းသို့ အကြောင်းကြားမှုများကြောင့် အီရတ်၏ ယူရေနီယံ ဝယ်ယူသောကိစ္စကို သမ္မတက ပြောကြားမည့် ၎င်း၏ မိန့်ခွန်းမှထုတ်ပယ်ရန်ဖြစ်သည်။

သတိလက်လွတ်

သို့သော် တကယ်တမ်းမိန့်ခွန်းကို ပြင်ဆင်ပြုစုသောအခါ အထက်ဖော်ပြပါ မှတ်တမ်းများနှင့် တယ်လီဖုန်းစကားများမှာ သတိလက်လွတ်ဖြစ်သွားခဲ့ရပါသည်ဟု ဟင်ဒလေကဆိုသည်။ ၎င်းက အထက်ပါကိစ္စကို တနင်္လာနေ့က သမ္မတထံတွင် တောင်းပန်ပြီးဖြစ်သည်ဟု ပြောကြားသည်။

သမ္မတဘုရှ် အမေရိကန်နိုင်ငံသို့ မိန့်ခွန်း မပြောကြားမီ မိန့်ခွန်းမိတ္တူတစ်စုံကို အမေရိကန် ထောက်လှမ်းရေးသို့ ပေးပို့ခဲ့သည်။ ထိုမိန့်ခွန်း ရရှိစဉ်က မိမိတို့ စီအိုင်အေအဖွဲ့အနေဖြင့် အီရတ်နိုင်ငံက အာဖရိကမှ ယူရေနီယံ ဝယ်ယူသည်ဆိုသော သတင်းကို မိန့်ခွန်းတွင် မထည့်သွင်းရန် မိမိအနေဖြင့် ကန့်ကွက်ပြောကြားသင့်ပါသည်ဟု ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူး တင်းနက်က ပြောကြားခဲ့သည်။ တင်းနက်သည် ထိုစကားကို ဟင်ဒလေ မတိုင်ခင်က ဆိုခဲ့ခြင်းဖြစ်သည်။

ထိပ်တန်းလက်ထောက်

ဟင်ဒလေသည် အမေရိကန်အမျိုးသား လုံခြုံရေး အကြံပေး ကွန်ဒိုလီဇာရိုက်စ်၏ ထိပ်တန်း လက်ထောက်ဖြစ်သည်။

အင်တာနက်။

အီရတ်အား ဘေးဖယ်ထားမှု ကောင်းမွန်သည့်သဘောထားမဟုတ် အီရတ် အမျိုးသားကွန်ဂရက်ပါတီအကြီးအကဲ ပြောကြား

ကုလသမဂ္ဂ ဇူလိုင် ၂၁

ရေနံထုတ်လုပ်ရောင်းချသည့်နိုင်ငံများ (အိုပက်)အဖွဲ့က အီရတ်နိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု အစိုးရအဖွဲ့တစ်ရပ် ပေါ်ပေါက်မလာမချင်း ဆက်ဆံရေးအဆက်ဖြတ်ထားသော်ငြားလည်း အီရတ်နိုင်ငံ၏ အုပ်ချုပ်မှုကောင်စီသစ်က မကြာမီအတွင်း ရေနံဝန်ကြီးတစ်ဦးနှင့် အိုပက်အစည်းအဝေးများ တက်ရောက်ရန် ရွေးချယ်မည်ဖြစ်ကြောင်း အဆိုပါကောင်စီဝင်နှစ်ဦးက ပြောကြားလိုက်သည်။

ကိုယ်စားပြု

ရေနံဝန်ကြီးအပါအဝင် ဝန်ကြီးအားလုံးကို မိမိတို့ ရွေးချယ်ခန့်အပ်မည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဘေးဖယ်ထားခြင်းမရှိကြောင်း၊ အီရတ်နိုင်ငံသည် ကုလသမဂ္ဂတွင် ကိုယ်စားပြုနိုင်မည့်နည်းတူ အိုပက်အစည်းအဝေးများတွင်လည်း တက်ရောက်ကိုယ်စားပြုနိုင်မည်ဖြစ်ကြောင်း အီရတ် နိုင်ငံခြားရေးဝန်ကြီးဟောင်း အက်နန်ပါချာချီက သတင်းထောက်များအား ပြောကြားသည်။

ထပ်လောင်းပြောကြား

အိုပက်အနေဖြင့် အီရတ်အား ဘေးဖယ်ထားရန်ကိစ္စမှာ ကောင်းမွန်သည့် သဘောထားမဟုတ်ကြောင်း အီရတ် အမျိုးသားကွန်ဂရက် ပါတီအကြီးအကဲနှင့် အခြားအုပ်ချုပ်မှု ကောင်စီဝင်တစ်ဦးတို့က ထပ်လောင်း ပြောကြားကြသည်။

တက်ခွင့်မပြု

အီရတ်နိုင်ငံသည် အမေရိကန် ဦးဆောင်သည့် အုပ်ချုပ်ရေးအာဏာပိုင်များ၏ အုပ်ချုပ်မှုအောက်တွင် ရောက်ရှိနေစဉ် အိုပက်အစည်းအဝေးများ တက်ရောက်ခွင့်ပြုမည်မဟုတ်ဟု အိုပက်က လွန်ခဲ့သည့်လအတွင်း ဒိုဟာတွင်ကျင်းပသည့် ရေနံဝန်ကြီး အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဆက်ဆံမှုမပြုလုပ်

အီရတ်နိုင်ငံတွင် နိုင်ငံတကာ အသိအမှတ်ပြု အစိုးရတစ်ရပ် မဖွဲ့မီအထိ အီရတ်နှင့်ဆက်ဆံမှု ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းဆုံးဖြတ်ချက်သည် အများသဘောတူ ဆုံးဖြတ်ချက်ဖြစ်၍ ဖြစ်ကြောင်း ဗင်နီဇွဲလားရေနံဝန်ကြီး ရာမီရက်ဇ်က ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံခြားကျောင်းသား ၃၀၀၀၀ ကျော်တို့ ဘေဂျင်း၌ သင်ကြား

ဘေဂျင်း ဇူလိုင် ၂၃

၁၅၆ နိုင်ငံနှင့် ဒေသများမှ ပြည်ပနိုင်ငံသား ကျောင်းသား ၃၀၀၀၀ ကျော်သည် ဘေဂျင်း မြို့တော်တွင် ပညာ လေ့လာသင်ကြားလျက်ရှိရာ တရုတ်နိုင်ငံရှိ ပြည်ပနိုင်ငံသားအားလုံး၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း၊ လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း လေ့လာသူ ကျောင်းသား ဦးရေသည် ၅၀၀၀၀ အထိ ရောက်ရှိနိုင် ဖွယ်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ပြည်ပနိုင်ငံသား ကျောင်းသူ၊ ကျောင်းသား ၁၀၀၀ နီးပါးသည် တရုတ်ဘာသာစကား၊ တရုတ်တိုင်းရင်းဆေးနှင့် တရုတ်ပြဇာတ်တို့ကို အဓိကဘာသာရပ်များအဖြစ် သင်ယူကြကြောင်း ဘေဂျင်းနေ့စဉ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားလိုက်သည်။

ဘေဂျင်းတက္ကသိုလ်၊ ဘေဂျင်း ဘာသာစကားနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့နှင့် ဘေဂျင်း သာမန်တက္ကသိုလ်တို့သည် ပြည်ပနိုင်ငံသား ကျောင်းသူ၊ ကျောင်းသားများအတွက် နာမည်ကြီးသည့် ပညာသင်ကြားရေး အခြေခံတက္ကသိုလ်များဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်၏ စီးပွားရေးအခြေအနေ စိတ်ပူပန်စရာကောင်းနေဆဲဟု ဖော်ပြ

လန်ဒန် ဇူလိုင် ၂၃

ဗြိတိန်နိုင်ငံ၏ စီးပွားရေးသည် လွန်ခဲ့သည့်လ အနည်းငယ်ခန့်အတွင်း မဆိုစလောက် ပြန်လည်ဦးမော့လာခဲ့သော်ငြားလည်း စိတ်ပျက်စရာကောင်းပြီး စိတ်ပူပန်စရာကောင်းသည့် အခြေအနေတွင် ဆက်လက်ရှိနေသေးကြောင်း တနင်္လာနေ့ကထုတ်ပြန်သော စီးပွားရေးလုပ်ငန်းလေ့လာရေး စစ်တမ်းတစ်ရပ်အရ သိရသည်။

ဗြိတိန်နိုင်ငံ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လွန်ခဲ့သည့် သုံးလအတွင်း အတန်အသင့် တိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် အခြေအနေမကောင်းသော ကာလများနှင့် တွေ့ကြုံခဲ့ရကြောင်း ဗြိတိသျှကုန်သည်ကြီးများအသင်း၏ သုံးလပတ်စီးပွားရေး စစ်တမ်း(ဘီစီစီ)တွင် ဖော်ပြထားသည်။

ကြုံတွေ့

စီးပွားရေးကဏ္ဍ အမြောက်အမြားတွင် ယမန်နှစ်ကထက် ဆိုးရွားသော အခြေအနေများကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရသေးကြောင်း အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

အင်အားနည်းပါး

ဗြိတိန်နိုင်ငံ၏ ထုတ်လုပ်ရေးကဏ္ဍတွင် အနည်းငယ်တိုးတက်မှုရှိသော်ငြားလည်း စီးပွားရေးကဏ္ဍတစ်ခုလုံးသည် ပြည်ပမှ အကြိတ်အနယ်ယှဉ်ပြိုင်မှုများနှင့် ကြုံတွေ့နေရသောကြောင့် ဆက်လက်၍ အင်အားနည်းပါးနေကြောင်း ၎င်းစစ်တမ်းတွင် တွေ့ရှိရသည်။

ဝန်ဆောင်မှုကဏ္ဍတွင် အတန်အသင့်ဦးမော့လာသော်လည်းအနာဂတ် စီးပွားရေးပြန်လည် ဦးမော့နိုးထလာရေး အလားအလာနှင့် ပတ်သက်၍ မသေမချာမရေရာ ရှိနေသေးကြောင်း ၎င်းစစ်တမ်းအရ သိရသည်။

ဗြိတိသျှစီးပွားရေးသည် ဗြိတိသျှ အစိုးရ ကြိုတင်ဟောကိန်း ထုတ်ထားသည်ထက် ဖြည်းဖြည်းနှင့်မှန်မှန် ယခုတိုင် တိုးတက်လျက်ရှိနေကြောင်း ဘီစီစီလေ့လာချက်အရသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မီးငြိမ်းသတ်

ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ရှိ နာမည်ကျော် အီဖယ်မျှော်စင်တွင် ဇူလိုင် ၂၂ ရက်က မီးလောင်မှုဖြစ်ပွားသဖြင့် မီးသတ်ကားများဖြင့် မီးငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဖယ်မျှော်စင်၌ မီးလောင်မှုဖြစ်ပွား

ပါရီ ဇူလိုင် ၂၃

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အီဖယ်မျှော်စင်၌ ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ခရီးသွားဧည့်သည်များ ထိတ်လန့်တကြားဖြစ်ခဲ့ရသည်။

မျှော်စင် ထုတ်လွှင့်ရေး ဧရိယာတိုင်အောက်ဘက်ရှိ ဆက်သွယ်ရေးစခန်းတွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးကို မိနစ် ၄၀ အတွင်း ငြိမ်းသတ်နိုင်ခဲ့သည်။

ထိခိုက်ဒဏ်ရာ ရမှုမရှိကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရသေးဘဲ မျှော်စင်ကို ပိတ်ထားခဲ့သည်။

စီအင်န်အင်န်။

ပန်းတိုင်သစ်အတွက် ခွန်အား

ကျော်ထင်နော်ရထာ

ဆန်နှင့်ဆားထောက်ပံ့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ဆန်အိတ် ၅၀၀၀ နှင့် ဆားအိတ် ၁၀၀ အိတ် လွှဲပြောင်းပေးအပ်ပုံ။

မကြာသေးခင်က ကိုးကန့်ဒေသ လောက်ကိုင်မြို့မှာ တာဝန်ကျနေတဲ့ ညီတော်မောင်ထံ စာရေးသူ အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ကြုံတုန်းကြုံခိုက် ကိုးကန့်ဒေသအကြောင်း လေ့လာခွင့်ပါရခဲ့ပါတယ်။ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များရဲ့ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ချက်များဟာ စိတ်ဝင်စားဖွယ်ရာကောင်းလှပါတယ်။ ကိုးကန့်လက်ဖက်ခြောက် နာမည်ကြီးသလို တစ်ချိန်က ဘိန်းစိုက်ပျိုးမှုမှာလည်း နာမည်ကြီးခဲ့တယ်ဆိုတာ လူတိုင်းအသိပါပဲ။ ရာစုနှစ်နဲ့ချီပြီး ဘိန်းအကြီးအကျယ် စိုက်ပျိုးခဲ့တဲ့ ဒီဒေသကို ၂၀၀၂-၂၀၀၃ ဘိန်းစိုက်ရာသီမှာ ဘိန်းလုံးဝစိုက်ပျိုးမှုမရှိအောင် လုပ်ဆောင်ခဲ့ကြတဲ့ ကိုးကန့်ဒေသခေါင်းဆောင်များကို ချီးကျူးရပါလိမ့်မယ်။ မိရိုးဖလာ တရားဝင်လုပ်ငန်းသဖွယ် စိုက်ပျိုးလာခဲ့တဲ့ဘိန်းကို ဒေသတစ်ခုလုံး ကင်းစင်အောင် လုပ်ဖို့ဆိုတာ အတော်ကိုခက်ခဲတဲ့ လုပ်ငန်းကြီးမဟုတ်လား။ ဒီလိုခက်ခဲတဲ့လုပ်ငန်းကြီးကို ဘယ်လိုများဆောင်ရွက်ကြသလဲဆိုတာ သိချင်လို့ ခေါင်းဆောင်ကြီးများထံ ချဉ်းကပ်ပြီး လေ့လာခဲ့ပါတယ်။

ကိုးကန့်တိုင်းရင်းသားအဖွဲ့ဟာ ၁၉၈၉ ခုနှစ် မတ်လမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ပုန်ကန်ခွဲထွက်ခဲ့ပြီး ပထမဦးဆုံးတရားဥပဒေဘောင်အတွင်း ဝင်ရောက်ငြိမ်းချမ်းရေးရယူခဲ့တဲ့ အဖွဲ့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ရယူပြီးချိန်ကစပြီး မူးယစ်ဆေးဝါးပပျောက်ရေးကို တပ်မတော်အစိုးရနဲ့လက်တွဲပြီး ဆောင်ရွက်ခဲ့ကြတာ အများအသိပါပဲ။ အခုလည်း နိုင်ငံတော်ရဲ့ မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ ၁၅ နှစ်စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘိန်းအများဆုံး စိုက်ပျိုးရေးဒေသကြီးငါးခုမှာ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ရေးဖြစ်တဲ့ ပန်းတိုင်သစ်စီမံကိန်း(New Destiny Project)ကို ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေကြပါတယ်။ ပြီးခဲ့တဲ့၂၀၀၂ ခုနှစ် မတ်လမှာတော့ ကိုးကန့်ခေါင်းဆောင်များဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ပြတ်ပြတ်သားသားလုပ်ဖို့ အချိန်ကျရောက်ပြီဆိုတာ သဘောပေါက်တာကြောင့် **ကိုးကန့်ဒေသ မူးယစ်ဆေးဝါး အမြစ်ပြတ် တိုက်ဖျက်ရေးကော်မတီ** ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီဟာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ ဘိန်းစိုက်ပျိုးမှု လုံးဝမရှိရေးအတွက် လောက်ကိုင်ခရိုင်အတွင်းမှာ အဖွဲ့များခွဲပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါတယ်။ ကျေးရွာအဆင့်ထိ လူထုနဲ့တွေ့ဆုံပြီး ပညာပေးဆွေးနွေးမှုများ ပြုလုပ်သလို တားဆီးနှိမ်နင်းရေးအတွက် ဖမ်းဆီး အရေးယူမှုများလည်း ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ၂၀၀၂ ခုနှစ် ဧပြီလမှ ဩဂုတ်လထိ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူ ၇၀ ဦး၊ ရောင်းချသူ ၁၇ ဦး၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၃၁၃၆ ပြား၊ ဘိန်းဖြူ ၉ ဒသမ ၆၁ ကီလို၊ အက်ဖက်ဒရင်းမှုန့် ၂၁ အိတ်ဖမ်းဆီးပြီး တရားဥပဒေအရ အရေးယူခဲ့ပါတယ်။

ဘိန်းစိုက်ပျိုးသူများကို ဘိန်းမျိုးစေ့များအပ်နှံကြဖို့ ပညာပေးစည်းရုံးသလို ရှာဖွေသိမ်းဆည်းမှုများလည်း လုပ်ခဲ့ကြပါတယ်။ ၂၀၀၂ ခုနှစ် ဇွန်လက လောက်ကိုင်ခရိုင်အတွင်းမှာ ဘိန်းမျိုးစေ့ ၇၈၂၄ ပြည်(၁၂၇၇၆ ဒသမ ၆ ကီလို) သိမ်းဆည်းရရှိ မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒီလိုကြိုတင် ကာကွယ်တားဆီးနိုင်မှု မရှိလျှင် ဘိန်းစေ့ ၁၂၇၇၆ ဒသမ ၆ ကီလိုဟာ မြေဧက ၈၂၁၆ ဧက စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် ဩဂုတ်လ ဘိန်းစိုက်ဖို့မြေစတင်ပြင်ချိန်မှာ ဘိန်းစိုက်ပျိုးလေ့ရှိတဲ့ ကျေးရွာများကို ဘိန်းမစိုက်ဖို့ အဖွဲ့များခွဲပြီး ကြပ်မတ် စစ်ဆေးခဲ့ကြတယ်။ ဘိန်းစိုက်ဖို့ ကြိုးစားတဲ့သူ ၉၀ ဦး ဘိန်းစိုက်ပျိုးဖို့ မြေပြင်တာတွေ့ရှိလို့ ခေါ်ယူထိန်းသိမ်းပြီး အခြားသီးနှံစိုက်ဖို့ ပညာပေးစည်းရုံးမှု လုပ်ခဲ့ကြတယ်။ ဒီလိုကြပ်ကြပ်မတ်မတ် ဆောင်ရွက်ခဲ့ကြလို့ ကိုးကန့်ဒေသ လောက်ကိုင်ခရိုင်တစ်ခုလုံး ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု လုံးဝမရှိခဲ့တာ ဖြစ်ပါတယ်။

ဘိန်းမစိုက်ဖို့ပြောတာတော့ လွယ်လွယ်လေးပါပဲ။ တစ်သက်လုံး ဘိန်းစိုက်လာခဲ့တဲ့ ဘိန်းတောင်သူတွေအတွက်တော့ အတော်ခက်ခဲပါတယ်။ ဘိန်းမစိုက်ရင် ဘာစိုက်ကြမလဲ၊ စိုက်ဖို့၊ ပျိုးဖို့ပဲလားဆိုတော့ စားဝတ်နေရေးကလည်း ရှိသေးတယ်မဟုတ်လား။ ဒီလိုအခက်အခဲတွေရှိမယ်ဆိုတာ နိုင်ငံတော် အစိုးရဘက်ကရော ကိုးကန့်ဒေသ ခေါင်းဆောင်များကပါ ကြိုတင်မြော်တွေးခဲ့ကြပါတယ်။ ဒါကြောင့်လည်း မူးယစ်ဆေးဝါးပပျောက်ရေး စတင်ဆောင်ရွက်ကတည်းက ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ နှစ်တိုသီးနှံ ၄၁၇၄ ဧက၊ နှစ်ရှည်သီးနှံ ၁၁၀၀ ဒသမ ၃၇ ဧက စုစုပေါင်း ၅၂၇၄ ဒသမ ၃၇ ဧကစိုက်ခဲ့ပါတယ်။ နိုင်ငံတော်ကလည်း စိုက်ပျိုးရေးနည်းပညာ ပေး စံပြစိုက်ခင်းသုံးခု တည်ဆောက်ပြီး ပညာပေးဆောင်ရွက်မှုများ လုပ်ပေးခဲ့ပါတယ်။ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ ဒုတိယဝန်ကြီးလေးဦး ဦးစီးတဲ့ အဖွဲ့ကလည်း ကိုးကန့်ဒေသကို ကွင်းဆင်းလေ့လာပြီး စီမံချက်ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် ဘိန်းစိုက်ရာသီမှာ ဂျုံ၊ စားတော်ပဲ၊

ဆန်နှင့်ဆားအိတ်ပေးအပ်

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က မန်ပန် ဌာနေ ပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းအား ဆန်အိတ် ၆၀၀ နှင့် ဆားအိတ် ၃၀ လွှဲပြောင်းပေးအပ်ပုံ။

ပဲကြီး၊ အာလူး စုစုပေါင်း ၉၄၁ ဒသမ ၅၂ ဧက စိုက်ပျိုးခဲ့ပြီး ဓာတ်မြေသြဇာ ၁၂၇၅ အိတ် ပံ့ပိုးပေးခဲ့ပါတယ်။ နှစ်ရှည်သီးနှံဧက ၄၆၀ ဖော်ထုတ် စိုက်ပျိုးနိုင်ရေးအတွက် ငွေကျပ် ၁၈၈ ဒသမ ၅ သိန်းနဲ့ သစ်ကြား၊ သစ်အယ်ပျိုးပင် ၁၅၀၀၀၀အတွက် ငွေကျပ် ၁၁၃ ဒသမ ၁၂ သိန်းထောက်ပံ့ပေးခဲ့ပါတယ်။ ပန်းတိုင်သစ်စီမံကိန်းအရ ၂၀၀၂ ခုနှစ်မှာ ဆင်းရွှေလီပြောင်းမျိုး ၂၁၂၅ ဧက၊ ဆောင်းသီးနှံ စားတော်ပဲ ဧက ၃၆၀၊ တရုတ်ပဲကြီး ၃၁၁ ဒသမ ၆၆ ဧကအတွက် မျိုးစေ့များဝယ်ယူ ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဒါ့ပြင် ဘိန်းအစားထိုးဝင်ငွေရဖို့ ဝက် ၃၃ကောင်၊ ကြက် ၅၄၀ ကောင်၊ နို့စားနွားငါးကောင်၊ ဆိတ် ၁၁၀ကောင်၊ ငါး ၁၀၀၀၀၀ နှစ်စဉ် လေးနှစ်အခမဲ့ ထောက်ပံ့ဖို့လည်း စီမံပေးခဲ့ပါတယ်။ ဒေသခံများ၊ ကိုးကန့်တိုင်းရင်းသားများကလည်း ဥစားကြက် ၅၀၇၆၀ ကောင်၊ ဝက် ၂၆၈၀ ကောင်၊ နို့စားနွား ၂၀ ကောင်၊ ဆိတ် ၂၂၃ ကောင်၊ ငါးမျိုးစုံ ၁၉၀၄၀၀၀ စီးပွားဖြစ်မွေးမြူခဲ့ကြပြီး ဆက်လက်တိုးချဲ့မွေးမြူဖို့လည်း စီမံဆောင်ရွက်လျက် ရှိကြပါတယ်။

နိုင်ငံတော်ဘက်က ပံ့ပိုးကူညီစီမံဆောင်ရွက်ပေးသလို ကိုးကန့်ခေါင်းဆောင်များကလည်း ဘိန်းအစားထိုးအဖြစ် နှစ်ရှည်သီးနှံပျိုးပင်များကို ကိုးကန့်အဖွဲ့ရဲ့ အစီအစဉ်နဲ့ တရုတ်ပြည်က ဝယ်ယူပြီး ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဘိန်းလုံးဝမစိုက်ဖို့ဆိုတာ အစားထိုးသီးနှံစိုက်ရုံနဲ့လည်း မပြီးသေးပါဘူး။ အစားထိုးသီးနှံ မဖြစ်ထွန်းခင်နဲ့ စိုက်ပျိုးတဲ့သီးနှံ မအောင်မြင်တဲ့အခါ လတ်တလော စားဝတ်နေရေး အခက်အခဲတွေကလည်း ရှိပါသေးတယ်။ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်က ပြောပါတယ်။ မနှစ်က ဘိန်းလုံးဝမစိုက်ရတော့တဲ့အတွက် ကျေးရွာတချို့မှာ စားရေးသောက်ရေး အခက်အခဲတွေရှိခဲ့တယ်။ နံနက်မိုးလင်းတာနဲ့ သူ့အိမ်ရှေ့မှာ အကူအညီလာတောင်းတဲ့ရွာသားတွေ ရောက်နေကြပြီ။ နေ့စဉ် အကူအညီတောင်းတဲ့သူများလွန်းလို့ နံနက်လင်းရင် အိမ်ရှေ့တောင် မထွက်ရဲလောက်အောင် ကြုံခဲ့ရပါတယ်။ ဒါပေမယ့် ဘယ်လိုအခက်အခဲတွေရှိရှိ ဘိန်းကင်းမဲ့ဇုန်ဖြစ်ဖို့၊ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ဖို့ ရည်မှန်းချက်တော့ အပျက် မခံနိုင်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့်လည်း ၂၀၀၃ ခုနှစ် ဇွန်လမှာ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနဲ့ ဘိန်းမစိုက်ပျိုးရေးအတွက် ခေါင်းဆောင်များကိုယ်တိုင် အဖွဲ့များဖွဲ့စည်းပြီး ကျေးရွာအထိ ကွင်းဆင်းကြပ်မတ်မှုတွေ လုပ်ခဲ့ကြပါတယ်။ စိုက်ပျိုးချိန်ရောက်နေပြီမို့ ပြောင်းနဲ့မျိုးစပါးလေးတန်ကိုလည်း ကျေးရွာများကို ဖြန့်ဖြူးပေးခဲ့ပါတယ်။

တစ်ချိန်က ဘိန်းစိုက်တောင်သူများဟာ ယခုလို ဘိန်းအစားထိုးသီးနှံ ပြောင်းလဲစိုက်ကြတဲ့အခါ မကျွမ်းကျင်မှုတို့၊ ရာသီဥတုအခြေအနေတို့ကြောင့် တချို့ကျေးရွာများမှာ စားရေး၊ သောက်ရေး အခက်အခဲများရှိတဲ့အကြောင်း ကျေးရွာခေါင်းဆောင်များက ဦးဖုန်ကြားရှင်နဲ့ ကိုးကန့်ခေါင်းဆောင်များကို တင်ပြဆွေးနွေးကြပါတယ်။ ဒီလိုအခက်အခဲကြောင့် ဘိန်းစိုက်ပျိုးမှု သံသရာက ရုန်းမထွက်အောင် နောက်ကြောင်းပြန်လှည့်မယ့်အဖြစ်မျိုးကိုတော့ ဘယ်သူမှ မလိုလားကြတော့ပါဘူး၊ဒါကြောင့်လည်း ကိုးကန့်ခေါင်းဆောင်များဟာဘိန်းစိုက်ပျိုးမှုပပျောက်အောင် ကြိုးပမ်းခဲ့ကြတဲ့ တိုင်းရင်းသားကျေးရွာလူထုရဲ့ စားဝတ်နေရေး အခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ စဉ်းစားကြရပါတော့တယ်။

ဒီလိုအခက်အခဲတွေ ကြုံတွေ့နေရတဲ့သတင်းကို နိုင်ငံတော်အကြီးအကဲက သိရှိသွားတာနဲ့ အမြန်ဆုံး ဆန်နဲ့ဆား ထောက်ပံ့ပေးပို့မယ်ဆိုတဲ့အကြောင်း သတင်းကောင်းရောက်လာပါတယ်။ ဇွန်လ ၂၈ ရက်နေ့မှာတော့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ဦးစီးတဲ့ ဒုတိယဝန်ကြီးလေးဦး ပါဝင်တဲ့အဖွဲ့ လောက်ကိုင်ကို ရောက်ရှိလာပါတယ်။ ဘိန်းစိုက်ပျိုးမှုပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့တောင်သူများအတွက် ဆန်အိတ်၅၀၀၀ နဲ့ ဆားအိတ်၁၀၀ ကို ဦးဖုန်ကြားရှင်နဲ့ ခေါင်းဆောင်များအား အခမ်းအနားနဲ့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ တစ်ပါတည်းပဲ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပေးပို့လိုက်တဲ့ ကော်ဖီပျိုးပင်၊အစေ့ထုတ်ပြောင်းနဲ့ အထူးအထွက်တိုး ယာစပါး မျိုးစေ့များနဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနက ဟင်းသီးဟင်းရွက် မျိုးစေ့များကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

ဒီလိုထောက်ပံ့တာနဲ့ ပတ်သက်လို့ ဦးဖုန်ကြားရှင်က ပြောပါတယ်။ အခမ်းအနားမှာလည်း နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ကြောင်းတော့ ပြောခဲ့ပါတယ်။ တကယ်ကို ရင်ထဲက ပြောတာပါတဲ့။ ဘာကြောင့်လဲဆိုတော့ အခက်အခဲတွေ့နေတဲ့အချိန်မှာ မတောင်းဘဲနဲ့ပေးခဲ့တာဖြစ်လို့ ပိုပြီးကျေးဇူးတင်ပါတယ်။ နည်းတာ၊ များတာ၊ တန်ဖိုးရှိတာ၊ မရှိတာအကြောင်းမဟုတ်ပါဘူး။ ကိုးကန့်ခေါင်းဆောင်များနဲ့ တိုင်းရင်းသားများအတွက် လိုအပ်ချက် အခက်အခဲဖြစ်နေချိန်မှာ အခုလိုပံ့ပိုးမှုလုပ်ခဲ့တာဟာ ကိုးကန့်ဒေသအတွက် ခွန်အားတစ်ရပ်ရရှိခြင်းပါပဲ။ ဒီခွန်အားဟာ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေမယ့် ခွန်အားပါပဲလို့ဆိုပါတယ်။ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များဟာ ဇွန်လ ၃၀ ရက်မှာပဲ မူးယစ်ဗဟိုက ထောက်ပံ့တဲ့ ဆန်နဲ့ဆားများကို တကယ်အခက် အခဲကြုံတွေ့နေရတဲ့တောင်ပေါ်ကျေးရွာအုပ်စု ငါးစုကို ခွဲဝေပေးပို့ခဲ့ပါတယ်။

မူးယစ်ဗဟိုက ကိုးကန့်ဒေသတစ်ခုတည်း မဟုတ်ပါဘူး။ ဒီလိုဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်အောင် ကြိုးပမ်းခဲ့ကြတဲ့ မုံးကိုးဒေသ ဖောင်းဆိုင်ကျေးရွာအုပ်စုကိုလည်း ဆန်အိတ် ၄၀၀၊ ဆားအိတ် ၂၀၊ တန့်ယန်းမြို့နယ်ထဲက မန်ပန်ကျေးရွာအုပ်စုကိုလည်း ဆန်အိတ် ၆၀၀၊ ဆားအိတ် ၃၀ ထောက်ပံ့ခဲ့ပါတယ်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကလည်း ကော်ဖီပျိုးပင်၊ အစေ့ထုတ်ပြောင်းနဲ့ အထူးအထွက်တိုး တောင်ယာစပါး မျိုးစေ့များနဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနက ဟင်းသီးဟင်းရွက်မျိုးစေ့များလည်း ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ဦးဖုန်ကြားရှင်ပြောသလို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ တန်ဖိုး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တကယ်လိုအပ်နေချိန်မှာ ထောက်ပံ့ခဲ့တာ ဖြစ်လို့ ခွန်အားတစ်ရပ်ဖြစ်စေမှာ အမှန်ပါပဲ။ ဒီလိုသာ ဒေသခံပြည်သူတွေ ကလည်း ဘယ်လိုအခက်အခဲရှိရှိ ကြံ့ကြံ့ခံကြိုးစားကြမယ်၊ နိုင်ငံတော်ကလည်း တတ်စွမ်းသမျှ ပံ့ပိုးကူညီဆောင်ရွက်သွားမယ်ဆိုရင် အရှေ့မြောက်တိုင်းတစ်ခွင် ဟာ ဘိန်းသံသရာကိုအပြတ်ဖြတ်တောက်နိုင်တော့မှာ အမှန်ပဲလို့ ယုံကြည် မိပါတယ်ခင်ဗျာ။ ။

လွှဲပြောင်းပေးအပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းက ဖောင်းဆိုင်ပြည်သူ့စစ်ခေါင်းဆောင် ဒူဝါခေါင်ဂျေအား ဆန်အိတ် ၄၀၀ နှင့် ဆားအိတ် ၂၀ လွှဲပြောင်းပေးအပ်ပုံ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မေတ္တာသုတ် ဟောကြားတော်မူမည်

ရန်ကုန် ဇူလိုင် ၂၄

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် ဩဂုတ်၄ရက်မှ ၈ရက်အထိ နေ့စဉ်နံနက် ၇နာရီမှ ၈နာရီခွဲအထိ မေတ္တာသုတ်ကျင့်စဉ်ကို ဓမ္မဒါနသင်ကြား၍ မင်္ဂလာဗျူဟာမေတ္တာပွားများရေးအဖွဲ့က ဩဂုတ် ၁၁ရက် ည ၈နာရီမှ ဩဂုတ် ၁၂ရက် နံနက် ၅နာရီအထိ မေတ္တာအခါတော်နေ့ အသံမစဲ မေတ္တာပွားများရွတ်ဆိုကြပြီး ဩဂုတ် ၁၂ရက် မေတ္တာအခါတော်နေ့ မွန်းလွဲ ၁နာရီတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တဣန္ဒက က မေတ္တာသုတ်တော်ကြီးကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်း အဆေးပြေး လမ်းမကြီး၏ ယာဘက်ရှိ မိုးစပါးပျိုးခင်းတွင် အောင်မြင်ဖြစ်ထွန်းသော ပျိုးပင်များနုတ်ယူပြီး ပြန်လည်စိုက်ပျိုးရန် တောင်သူလယ်သမားများပျိုးစည်းများ စည်းနေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ-ငွေအောင်-ကြေးမုံ)

➡ ရှေ့ဖုံးမှ

စုစုပေါင်း၃၈၅၉၇ဧကေ၊ ငပုတောမြို့နယ်တွင် စုစုပေါင်း ၁၇၆၇၅၉ဧက၊ ကျုံပျော်မြို့နယ်တွင်စုစုပေါင်း ၁၁၅၈၀၅ ဧက၊ ရေကြည်မြို့နယ်တွင် စုစုပေါင်း ၁၀၀၃၆၆ ဧက၊ ကျောင်းကုန်းမြို့နယ်တွင် စုစုပေါင်းဧက ၁၀၈၁၄၀ ဖြစ်ရာ ပုသိမ်ခရိုင်အတွင်း စုစုပေါင်း ၇၆၉၇၉၃ ဧက စိုက်ပျိုးလျက်ရှိသည်။

ဟင်္သာတခရိုင်

ဟင်္သာတခရိုင်တွင်မူ ဟင်္သာတမြို့နယ်တွင် စုစုပေါင်းဧက ၁၂၉၆၃၀၊ ဇလွန်မြို့နယ်တွင် စုစုပေါင်းဧက ၆၉၈၈၀၊ လေးမျက်နှာမြို့နယ်တွင် စုစုပေါင်းဧက ၄၅၅၃၀၊ မြန်အောင်မြို့နယ်တွင် စုစုပေါင်းဧက ၁၁၄၂၈၀၊ ကြံခင်းမြို့နယ်တွင် စုစုပေါင်းဧက ၄၀၁၆၀၊ အင်္ဂပူမြို့နယ်တွင် စုစုပေါင်း ၁၁၄၂၆၃ ဧကတို့ စိုက်ပျိုးလျက်ရှိသည်။

မြောင်းမြခရိုင်

မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် စုစုပေါင်း ၁၉၆၅၇၄ဧက၊ အိမ်မဲမြို့နယ်တွင် စုစုပေါင်း ၁၃၈၅၈၅ ဧက၊ လပွတ္တာမြို့နယ်တွင် စုစုပေါင်း ၂၉၁၁၁၅ ဧက၊ ဝါးခယ်မမြို့နယ်တွင် စုစုပေါင်း ၁၇၅၁၈၉ ဧက၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် စုစုပေါင်း ၁၉၅၀၉၇ ဧကတို့ စိုက်ပျိုးလျက်ရှိသည်။

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် စုစုပေါင်းဧက၁၃၃၉၉၀၊ ပန်းတနော်မြို့တွင် စုစုပေါင်းဧက ၇၇၄၉၀၊ ညောင်တုန်းမြို့နယ်တွင် စုစုပေါင်း ၅၆၁၄၅ဧက၊ ဓနုဖြူမြို့နယ်တွင် စုစုပေါင်း ၉၃၆၇၃ ဧက စိုက်ပျိုးလျက်ရှိသည်။

ဖျာပုံခရိုင်

ဖျာပုံခရိုင်ဖျာပုံမြို့နယ်တွင် စုစုပေါင်းဧက၁၄၆၄၄၀၊ ဘိုကလေးမြို့နယ်တွင် စုစုပေါင်း၂၈၀၂၃၈ဧက၊ ကျိုက်လတ်မြို့နယ်တွင် စုစုပေါင်း ၁၂၇၉၄၆ဧက၊ ဒေးဒရဲမြို့နယ်တွင် စုစုပေါင်း ၁၈၀၃၀၂ ဧကစိုက်ပျိုးလျက်ရှိသည်။

စပါးစိုက်ပျိုးရာတွင် ရွှေမေတ္တာဇီဝမြေဩဇာကို ဧရာဝတီတစ်တိုင်းလုံး အသုံးပြုသည်။ သုံးစွဲပုံမှာ စပါးမစိုက်မီ နှစ်ပတ်ခန့်ကြိုတင်၍ တစ်ဧကလျှင် ဇီဝမြေဩဇာလေးထုပ်အား မြေခံ၊ မြေပြုပြင်သုံးလျှင် သင့်တော်သည်။ စပါးစိုက်ပျိုးပြီး ၂၁ရက်မှ ၃၀ရက်အကြား တစ်ဧကလျှင် ဇီဝမြေဩဇာ နှစ်ထုပ် (အမှုန့်တစ်ထုပ် x ရေလေးဂါလန်နှုန်းရောစပ်သုံး) သုံးရမည်ဖြစ်သည်။ ပြီးလျှင် ယူရီးယားမြေဩဇာ ၃ပုံ၁ပုံခန့်သာသုံးရသည်။ စပါးကုန်ကျမှုစရိတ် ယခင်ကထက် ကုန်ကျမှု သက်သာသည်ဟုသိရသည်။ ယခင်က စပါးစိုက်တစ်ဧကလျှင် ယူရီးယားနှစ်အိတ်၊ ယခုစပါးတစ်ဧကလျှင် ယူရီးယားတစ်အိတ်သာ အသုံးပြုခဲ့ကြသည်။ ဇီဝမြေဩဇာသုံးစွဲမှုမှာ ကုန်ကျမှုများစွာ သက်သာသဖြင့် တောင်သူလယ်သမားများ နှစ်ခြိုက်စွာ အသုံးပြုကြသည်ဟု ကြေးမုံအဖွဲ့ လေ့လာသိရှိခဲ့ရသည်။

စိုက်ပျိုးပြီးစီးမှု

မိုးစပါးစိုက်ပျိုးရေးလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှုမှာ ဇူလိုင်၁၇ရက်အထိ ပုသိမ်ခရိုင်တွင် လျာထားချက် ၇၆၉၇၉၃ဧက၊ စိုက်ပျိုးပြီးစီးမှု ၂၂၂၈၀၄၅ဧက (၅၆ဒသမ ၃၇ရာခိုင်နှုန်း)၊ ဟင်္သာတခရိုင်တွင် လျာထားချက် ၅၁၃၇၄၃ဧက၊ စိုက်ပျိုးပြီးစီးမှု ၄၃၃၈၅၉ဧက (၈၄ဒသမ၄၅ရာခိုင်နှုန်း)၊ မြောင်းမြခရိုင်တွင် လျာထားချက်ဧက ၉၉၆၅၆၀၊ စိုက်ပျိုးပြီးစီးမှု ၅၅၆၁၄၈ဧက (၅၅ဒသမ ၈၁ရာခိုင်နှုန်း)၊ မအူပင်ခရိုင်တွင် လျာထားချက် ၃၆၁၂၉၈ဧက၊ စိုက်ပျိုးပြီးစီးမှု ၂၇၂၅၆၃ဧက(၇၅ဒသမ၄၄ရာခိုင်နှုန်း)၊ ဖျာပုံခရိုင်တွင်လျာထားချက်၇၃၄၉၂၆ဧက စိုက်ပျိုးပြီးစီးမှု၅၃၁၅၅၈ဧက(၇၂ဒသမ ၃၃ရာခိုင်နှုန်း)ဖြစ်ပြီး ဧရာဝတီတိုင်းတစ်တိုင်းလုံးလျာထားချက် ၃၃၇၆၃၂၀ ဧကဖြစ်ပြီး စိုက်ပျိုးပြီးစီးမှုမှာ၂၂၂၈၀၄၅ဧက (၆၅ဒသမ၉၉ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးလျက်ရှိကြောင်းသိရသည်။

ဈေးကွက်စီးပွားရေးစနစ်အတွက် အဟန့်အတားအဖြစ် နောက်ဆုံးကျန်ရှိသောဆန်စပါးရောင်းဝယ်မှု ကန့်သတ်ချက်ကိုဖယ်ရှားပြီး ဆန်စပါးကို လွတ်လပ်စွာ ကြိုက်ရောင်းကြိုက်ဝယ် ရောင်းဝယ်ခွင့် ကြေညာချက်နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းမှ တာဝန်ရှိသူတစ်ဦးကို မေးမြန်းကြည့်ရာ တောင်သူလယ်သမားများ ကြိုက်နှစ်သက်၍ ယခုနှစ်မိုးစပါးကို တစ်ဧကအထွက်နှုန်းကောင်းအောင် ကြိုးစားအားထုတ် စိုက်ပျိုးလာကြသည်ဟု ကြားသိရသည်။

"ဧရာဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍမြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံအလား အလာကောင်းတွေရှိပြီးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေ တစ်ဆင့်မြင့်မားတိုးတက်အောင် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်တယ်၊ ဧရာဝတီတိုင်းရဲ့စပါးတစ်ဧက အထွက်နှုန်းကို သိသိသာသာတိုးတက်အောင် ကြိုးစားလိုက်မယ်ဆိုရင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း၁၂၀၀ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုမှာဖြစ်တယ်"ဟူသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုကို လုပ်ငန်းလမ်းညွှန်မှုအဖြစ်ခံယူကာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှုဖြင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများသည် ဧရာဝတီတိုင်းအတွင်း မိုးစပါးစိုက်ပျိုးရေး လျာထားချက်ဧကပြည့်မီကျော်လွန်စွာ စိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။ (ကြေးမုံ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ဖွံ့ဖြိုးသာယာပြည်မြန်မာ"**နှင့် **"ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"** ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x ၁၂လက်မနှင့်အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကိုတင်ပြနိုင်ရမည်ဖြစ်ပြီး ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption)ကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲပေးပို့ရမည်ဖြစ်သည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်ဖြစ်သည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုပေ။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၄ခုနှစ် မတ် ၂၇ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းတပ်မ ဌာနချုပ်များ၌ ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၄ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကူးသန်းရောင်းဝယ်ရေးကျောင်း သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် အမှတ်စဉ် (၅)လက်မှတ်ရအတွင်းရေးမှူးသင်တန်းနှင့် (၂/၂၀၀၃-၂၀၀၄)စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ရုံးလုပ်ငန်းသင်တန်းများကို ဩဂုတ် ၁ရက်၌ ဖွင့်လှစ်မည်ဖြစ်သည်။

လက်မှတ်ရအတွင်းရေးမှူးသင်တန်းသည် သင်တန်းကာလ ခြောက်လဖြစ်ပြီး ကျန်သင်တန်းများမှာ သုံးလနှင့် ၁၅ရက်ဖြစ်သည်။ စာရင်းကိုင်သင်တန်းတွင် ကွန်ပျူတာဘာသာရပ်အဖြစ် Microsoft Excel နှင့် ရုံးလုပ်ငန်းသင်တန်းတွင် Microsoft Word တို့ကို သင်ကြားပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အသေးစိတ်သိလိုပါက ရန်ကုန်မြို့အတွက် အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ်တွင် လည်းကောင်း၊ မန္တလေးမြို့အတွက် အမှတ် ၁၆၉ ၈၃လမ်း စစ်ကိုင်းတန်းတွင် လည်းကောင်း၊ မော်လမြိုင်မြို့အတွက် အထက်လမ်းမကြီး ရွှေတောင်ရပ်တွင် လည်းကောင်း သက်ဆိုင်ရာကျောင်း အသီးသီး၌ စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အံ့ဖွယ်ထူးဆန်း မြတ်ပဋ္ဌာန်း စာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၄

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရတော်မူသည့် နှစ် (၅၀)ပြည့် ရွှေရတုနှင့် တိပိဋကနိကာယကျောင်းတိုက် တည်ထောင်သည့် (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင် စန္ဒာဓောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်က သမိုင်းထဲက မင်းကွန်းစာအုပ်နှင့် အံ့ဖွယ်ထူးဆန်းမြတ်ပဋ္ဌာန်းစာအုပ်များကို ရန်ကုန်မြို့ ၃၇လမ်း (လယ်) အမှတ်(၁၆၆) မျိုးဆက်သစ်စာပေက တစ်ပြည်လုံးသို့ဖြန့်ချိသည်။ ပူဇော်လိုသူများ မိုးမိတ်ကုန်းမြေနှင့် မင်းကွန်းခေါင်းလောင်းတော်ကြီးတွင် ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုးစပါးစိုက်ခင်း

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်း မိုးစပါးစိုက်ခင်းတွင် စိုက်ကွင်းပြည့် ရှင်သန်ဖြစ်ထွန်းနေသော စပါးပင်များကို တစ်မျှော်တစ်ခေါ်တွေ့ရစဉ်။
(ဓာတ်ပုံ-ငွေအောင်-ကြေးမုံ)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ကွင်းဆင်းလေ့လာရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ် လေးမြို့နယ်မှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

☆ နိုင်ငံခြားအထင်ကြီးစိတ်မှ

မန္တလေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးကျင်လင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တိုင်းအဆင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ မိနစ် ၅၀တွင် ကျောက်ဆည်မြို့သို့ ရောက်ရှိကြပြီး ကျောက်ဆည်မြို့နယ် ခန်းမတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး မြို့နယ်လေးမြို့နယ်မှ မြို့နယ်ကျေးရွာ ရပ်ကွက်များမှ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသူလေးများ ဒေသခံပြည်သူအင်အား ၃၅၀ခန့်နှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ချစ်ကြည်စည်းလုံး

အခမ်းအနားတွင် ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင် သချာၤပါမောက္ခ ဒေါ်သန်းသန်းနုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကွင်းဆင်းလေ့လာရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လာရောက်ရခြင်း အကြောင်းပြောကြားရာ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်များနှင့် နယ်စပ်ဒေသများသို့သွားရောက်၍ကွင်းဆင်းလေ့လာကာ လိုအပ်ချက်များနှင့် လုပ်ဆောင်ရန် ကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ပြည်မဒေသများသို့ ကွင်းဆင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးထုကြီးကို အဓိကမှာကြားလိုသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် ဆောင်ရွက်ရေး၊ တိုင်းပြည်ချစ်စိတ်မွေးရေးတို့ကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို အများအသိပင်ဖြစ်ကြောင်း၊ လမ်းများဖောက်ခြင်း၊ တံတားများဆောက်ခြင်းတို့ကြောင့် တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်ဆံမှု လွယ်ကူသွားပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုများ ပိုမိုရရှိခဲ့ကြောင်း။

တန်ဖိုးထားတတ်ရန်လို

လူသားအရင်းအမြစ် အခြေခိုင်မာအောင် ပညာရေးကဏ္ဍကို နိုင်ငံတော်အစိုးရက တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် ဆေးရုံကြီးများတိုးချဲ့ခြင်း၊ ဆရာဝန်များ တိုးချဲ့ခန့်ထားခြင်း၊ အဆင့်မြင့်ဆေးပညာများ ပြည်ပတွင် ပညာသင်ကြားစေခြင်းတို့ဖြင့် ကျန်းမာရေး အဆင့်အတန်းကို မြင့်မားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကိုလည်း ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူလူထုများအတွက် ရေကောင်းရေသန့်ရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးစေရေးတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးထုကြီး အနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်နားလည်ပြီး ပါဝင်လက်တွဲ ဆောင်ရွက်နေစဉ် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေသည့် လူကုန်ကူး လူပွဲစားများကို ထိထိရောက်ရောက် ပြစ်ဒဏ်ပေးနိုင်ရန် ဝိုင်းဝန်းဖော်ထုတ်စေလိုကြောင်း၊ မြန်မာအမျိုးသမီးများ အနေဖြင့် နိုင်ငံခြားကို အထင်ကြီးစိတ်ဖြင့် တရားမဝင် ပြည်ပတွင် အလုပ်လုပ်လိုခြင်းသည် မှားယွင်းသော အယူအဆဖြစ်၍ မိဘများနှင့် ဆရာ၊ ဆရာမများမှလည်း ဆုံးမထိန်းသိမ်းရန် တာဝန်ရှိကြောင်း၊ တရားမဝင် သွားရောက်ခဲ့သည့် မြန်မာအမျိုးသမီးအများစုမှာ ဒုက္ခများနှင့် ကြုံတွေ့နေသည့် သင်ခန်းစာများကို မှတ်သားနမူနာယူစေလိုကြောင်း၊ အမျိုးသမီး ငယ်ရွယ်သူအချို့၏ ယိုင်လဲနေသည့် စိတ်ဓာတ်များကို ပြန်လည်တည့်မတ်ပေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာစစ်စစ် အမျိုးသမီးများသည် မြန်မာလူမျိုး၊ မြန်မာအမျိုးသားများကို တန်ဖိုးထားတတ်စေရန်လိုကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီမှ လှူဒါန်းသည့် ကျောင်းသုံး ဗလာစာအုပ်များ၊ ခဲတံများနှင့် မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ အသေးစားချေးငွေလုပ်ငန်းအတွက် မတည်ရင်းနှီးငွေကျပ် ၅၀၀၀၀တို့ကို ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက တာဝန်ရှိသူများအား ပေးအပ် လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက တက်ရောက်လာသူများနှင့် ဝိုင်းဖွဲ့တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးညှိနှိုင်းကြသည်။ တက်ရောက်လာသူများ တင်ပြသော အခက်အခဲများနှင့် တင်ပြသည်များကို အကြံကောင်း၊ ဉာဏ်ကောင်းများပေးခြင်း၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် မိတ္ထီလာမြို့သို့ ရောက်ရှိပြီး ကန်တော်မင်္ဂလာခန်းမတွင် မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ် လေးမြို့နယ်မှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူလေးများ၊ ဒေသခံပြည်သူအင်အား ၄၅၀ကျော်ခန့်နှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

ဂုဏ်ယူချီးကျူး

အဆိုပါအခမ်းအနားတွင် မိတ္ထီလာမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင် ဒေါ်နှင်းနှင်းရီက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လာရောက်ရခြင်းအကြောင်းကို ပြောကြားရာတွင် မိတ္ထီလာမြို့ကို ရောက်ရောက်ချင်း မြင်တွေ့ရသည့် မြန်မာအမျိုးသမီးလေးများသည် မြန်မာဆန်ဆန်ဝတ်စားဆင်ယင်ထုံးဖွဲ့ထားမှုများကို တွေ့ရသည့်အတွက် ဂုဏ်ယူချီးကျူးလိုကြောင်း၊ ကျောက်ဆည်မြို့ကို ရောက်ခဲ့စဉ်ကလည်း အလားတူတွေ့မြင်ခဲ့ရ၍ ပီတိဖြစ်မိပါကြောင်း၊ မြန်မာအမျိုးသမီးများ မျိုးချစ်စိတ်မွေးပြီး အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်နေမှုများကိုလည်း ဂုဏ်ယူမိပါကြောင်း၊ သို့ရာတွင် မသိနားမလည်သော အမျိုးသမီးငယ်ရွယ်သူအချို့ကို လူကုန်ကူးသည့် လူပွဲစားများက ဖြားယောင်းသွေးဆောင်ပြီး သူတို့အကျိုးရှိဖို့ ငွေကြေးရရှိဖို့အတွက် အသုံးချနေမှုများကို နိုင်ငံတော်က ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်ကို သတိပြုကြရန်လိုကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ကွင်းဆင်းလေ့လာရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့နယ်ခန်းမတွင် တက်ရောက်လာသူများနှင့် ဝိုင်းဖွဲ့တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကျောက်ဆည်မြို့နယ်ခန်းမတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီမှ လှူဒါန်းသည့် ကျောင်းသုံး ဗလာစာအုပ်များ၊ ခဲတံများနှင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအတွက် မတည်ရင်းနှီးငွေတို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ကွင်းဆင်းလေ့လာရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် တက်ရောက်လာသူများနှင့် ဝိုင်းဖွဲ့တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် မယင်းကျေးရွာ၌ တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် မနောသုခ မျိုးသန့်စပါးဧက ၁၀၀စိုက်ခင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပေး စမ်းသပ်ကွက်များ၊ ရေကျောက်ခက် ဇီဝမြေဩဇာ၊ သဘာဝမြေဩဇာအမျိုးမျိုး ပြုလုပ်အသုံးပြုမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးက တိုင်းစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များအား မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်အောင် အချိန်မီစိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးနှင့် အထွက်တိုးစိုက်ပျိုးမှု နည်းပညာပြန့်ပွားရေးမှာကြားသည်။

မျိုးသန့်စပါး

ထို့နောက် စိုက်ပျိုးထားသော မျိုးသန့်စပါးခင်းများ နည်းပညာပေး စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ အင်ဘို ဆီအုန်းခြံသို့ ရောက်ရှိကြရာ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းတာဝန်ခံများက ဆီအုန်းစိုက်ပျိုးမှု၊ ဆီကြိတ်ထုတ်လုပ်မှုတို့ကို တင်ပြကြသည်။

ဝန်ကြီးက အသီး ထွက်နှုန်းကောင်းမွန်အောင် ထိန်းသိမ်းရေး ဆီအုန်းပင်ပျိုများ အစားထိုး တိုးချဲ့စိုက်ပျိုးရေး ဆီသီးခိုင်အထွက်နှုန်းကောင်းမွန်ရေး ဆွေးနွေးမှာကြားသည်။

ဆီအုန်းစက်ရုံ

ထို့နောက် ဝန်ကြီးသည် ဆီအုန်းစက်ရုံသို့ ရောက်ရှိပြီး စားအုန်းဆီကြိတ်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက တစ်နာရီလျှင် ဆီကြိတ်တစ်တန်ခွဲ ကြိတ်ဝါးနိုင်သော စွမ်းအားမြင့်စက်ရရှိရန်၊ စက်ရုံရှိ စက်အမျိုးအစား ၂၃ မျိုးကို စက်မှုလယ်ယာဦးစီးဌာနမှ တီထွင်ထုတ်လုပ်ပေးမှု၊ ဆီကြိတ်ထုတ်လုပ်ရန် ရည်မှန်းတန်ချိန် ၂၅၀ရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးသည် ဆီသီးခိုင်သယ်စက်၊ ဆီစေ့ခွဲစက်၊ ဆီသီးညှစ်စက်၊ ဆီသီးပေါင်းအိုးများ၊ ဆီလှောင်ကန်များဖြင့် ဆီကြိတ်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ ဆီကြိတ်ရာမှ ထွက်ရှိသော ကြိတ်ဖတ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ရုံဘေးထွက်ပစ္စည်း၊ ကြိတ်ဖတ်နှင့်ပြာများကို သဘာဝမြေဩဇာ ဘိုင်အိုကွန်ပို့ဇာ မြေဆွေးထုတ်လုပ်ရန် မှာကြားသည်။

ရော်ဘာ → ဧရတ်ကောင်းခြံ

ထို့နောက် ဝန်ကြီးသည် ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာအုပ်စု ကျွန်းတောရွာ၌ ပုဂ္ဂလိကများ စိုက်ပျိုးထားသည့် ဧရတ်ကောင်းခြံများကို ကြည့်ရှုစစ်ဆေးရာ ခြံပိုင်ရှင်များက ဧရတ်ကောင်းပင်ကို ဒေသအတွင်း စီးပွားဖြစ် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးဖြစ်ထွန်းမှု၊ ဧရတ်ကောင်းနှင့်တွဲဖက်၍ ကွမ်းကော၊ မင်းကွတ်၊ သကြားသီးပင်များ စိုက်ပျိုးမှုဖြင့် ဥယျာဉ်ခြံလုပ်ငန်း အောင်မြင်မှုတို့ကို ပြသသည်။

ကြည့်ရှုစစ်ဆေး

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့သည် ညနေပိုင်းတွင် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌ တည်ဆောက်နေသော ကတိုက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးက ချောင်းပိုင်းနေရာ၌ တမံပိတ်နိုင်ရေး၊ ပြီးစီးသော အပိုင်းမှ လာမည့်နွေရာသီတွင် စိုက်ပျိုးရေပေးနိုင်ရေး မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးသည် တမံတည်ဆောက်နေသည့် နေရာဒေသမှ မြေသားနှင့် ကျောက်နမူနာများ၊ တည်ဆောက်နေသည့် ပင်မတမံလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မတည်ရင်းနှီးငွေပေးအပ်

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီမှ လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများနှင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ အသေးစားချေးငွေလုပ်ငန်းအတွက်မတည်ရင်းနှီးငွေကျပ် ၅၀၀၀၀ တို့ကို ဒေါက်တာဒေါ်ခင်ဝင်းရွှေက တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကွင်းဆင်းလေ့လာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက တက်ရောက်လာသူများနှင့် ဝိုင်းဖွဲ့တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။ တက်ရောက်လာသူများတင်ပြသော အခက်အခဲများနှင့် တင်ပြသည်များကို အကြံကောင်း၊ ဉာဏ်ကောင်းများပေးခြင်း၊ တာဝန်ရှိသူများနှင့်ချိတ်ဆက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ကွင်းဆင်းလေ့လာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီမှ လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများနှင့် မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီအတွက် မတည်ရင်းနှီးငွေတို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အခွန်လွတ်ဈေးများ စစ်ဆေး ကျန်းမာရေးနှင့် ညီညွတ်စေရေး ဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆နာရီခွဲတွင် ဒဂုံမြို့နယ် ပန်းတျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာပြီး ပန်းတျာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ကမ္ဘာအေးစေတီလမ်းရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့ကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံးဆောင်ရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း သွားရောက်ပြီး ဈေးများအတွင်း ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တို့မှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ကြက်ဥများနှင့် ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများကရောင်းချလျက်ရှိသည့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ကြက်ဥအရောင်းဆိုင်များ၊မြန်မာနိုင်ငံ ဆန်စပါးလက်ကားကုန်သည်ကြီးများအသင်းနှင့် ဆီကုန်သည်ကြီးများအသင်းတို့မှ ဆန်နှင့်ဆီအရောင်းဆိုင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များမှ ဈေးရောင်းချနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးက တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးများကို ရန်ကုန်မြို့နေပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသား၊ငါးများ လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ဈေးရောင်းချသူများက ဆိုင် အခွန်အခပေးစရာမလိုဘဲ ဆိုင်ခန်းနေရာများကို ဦးရာလူစနစ်ဖြင့် ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ရည်ရွယ်ချက်မပျောက်စေရန်အခွန်လွတ် ဈေးများအတွင်း လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်၊ သား၊ငါးနှင့် ကြက်ဥများကို အလေးချိန်ခွင်ပြည့်မီစွာဖြင့် ရောင်းချပေးရေး ကြပ်မတ် စစ်ဆေးကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်စေရန်အခွန်လွတ်ဈေးများ၏ ဈေးတွင်းဈေးပြင် ပတ်ဝန်းကျင်တို့၌ သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို နေ့စဉ် စနစ်တကျ ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၃(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၅	၆။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၅	၇။	တေးဂီတအစီအစဉ်
၈:၃၀	၈။	International News.
၈:၄၅	၉။	English for Everyday Use.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၄:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၀	၆။	**ပွင့်ဦးကြွေ ဘယ်သူရွေး (စည်သူတင်စိုး၊ လှိုင်သွယ်သွယ်ထွဏ်း၊ သူနော်၊ သက်ထားဦး) (ဒါရိုက်တာ–ဝေမှိုင်းညို) (မွန်ဘာသာစကားဖြင့်)**
၅:၃၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၄၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၅	၉။	တေးဂီတအစီအစဉ်
၆:၁၀	၁၀။	Discovery.
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	ကြည်နူးပျော်ရွှင်ဟာသခွင်
၇:၂၀	၁၄။	နှောင်းခေတ်တေးပဒေသာ
၇:၃၅	၁၅။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**မြန်မာဗီဒီယိုဇာတ်လမ်း မငိုတတ်အောင်သင်ပေးမယ် (အပိုင်း–၂) (ကျော်ဟိန်း၊ နိုင်းနိုင်း၊ ပန်းဖြူ) [ဒါရိုက်တာ–မောင်မောင်ဦး၊ (စနီးဂိုက်)]**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာသံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ချက်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် ဇူလိုင် ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၄

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလ သီလချီးမြှင့်ပွဲနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားပွဲကို ရင်ပြင်တော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါဆိုလကွယ်နေ့ (ဇူလိုင် ၂၈ရက်) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဝါတွင်းသီလပေးတရားများနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘဏ (အဂ္ဂမဟာပဏ္ဍိတ)က ဟောကြားမည် ဖြစ်သည်။ (သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၃ခုနှစ် ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၃ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၅ပေခန့်မှ ၂၀ ဒသမ ၅၇ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများ ပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေး အကြောင်းကြားထားသည်။

(သတင်းစဉ်)

ဝေနံတံတား(ပုသိမ်)ပန္နက်တင်မင်္ဂလာကျင်းပမည်

တံတားပြီးစီးပါက ပုသိမ်မှ ချောင်းသာနှင့် ငွေဆောင်သို့သွားလာမှုလွယ်ကူမည်

ရန်ကုန် ဇူလိုင် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၃ရက်တွင် ရန်ကုန်–ပုသိမ်လမ်း၌ ရန်ကုန်တိုင်းမြောက်ပိုင်းခရိုင် လမ်းအထူးအဖွဲ့ (၁၆)နှင့် လမ်းအထူး အဖွဲ့(၄)တို့က တာဝန်ယူဆောင်ရွက် နေသည့် လမ်းအပိုင်းများ ပြုပြင်ထိန်းသိမ်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–ပုသိမ်လမ်း ကံကလေးလမ်းဆုံမှ ဒါးကတံတားအပိုင်းအထိ လည်းကောင်း၊ ဒါးကတံတားမှပုသိမ်မြို့အထိလည်းကောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေနုတ်မြောင်းများ ဆောင်ရွက်နေမှုနှင့် လမ်းပုခုံးဆောင်ရွက်နေမှု လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၈)က တာဝန်ယူ တည်ဆောက်နေသည့် ဝေနံတံတား(ပုသိမ်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက တံတားအောက်ခြေအုတ်မြစ် တည်ဆောက်ရေးအတွက် စက်ယန္တရားများရောက်ရှိမှု အခြေအနေများကို လည်းကောင်း၊ မကြာမီ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

လွယ်ကူချောမွေ့

ဝေနံတံတား(ပုသိမ်)သည် ဝေနံမြစ်ကိုဖြတ်၍ မရမ်းချောင်းရွာနှင့် ကမ်းနီရွာတို့ကို ဆက်သွယ်တည်ဆောက်ပေးမည်ဖြစ်ပြီး တံတားကြီးပြီးစီးသွားပါက ပုသိမ်မြို့မှ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့သို့လည်းကောင်း၊ သာပေါင်းမြို့သို့လည်းကောင်း အချိန်တို အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည် ဖြစ်သည်။ (သတင်းစဉ်)

ရွှေဟင်္သာစံကျောင်းတွင် တိပိဋက(ယော)ဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ၁၉(က) သုခဝတီလမ်း(စူနီယံပတ်) ရွှေဟင်္သာစံကျောင်း ပရိယတ္တိစာသင်တိုက် ရွှေဟင်္သာဆရာတော်ကြီး၏ အထိမ်းအမှတ်ဓမ္မာရုံကြီးအတွင်း၌ တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော် အရှင်သူမြတ်က ရွှေဟင်္သာစံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တအရှင်ဥက္ကံသ (သာသနဓဇ ဓမ္မာစရိယ) အရှင်သူမြတ်၏ မွေးနေ့၊ သိက္ခာထပ်၊ ရှင်ပြုအလှူမင်္ဂလာအကြို နေ့ညတရားများကို ဝါဆိုလပြည့်ကျော် ၁၃ ရက်(ဇူလိုင် ၂၆ ရက်) ည ၇ နာရီတွင် တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား စစ်ကိုင်းတိုင်းအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (မီးသတ်ဦးစီး)

မဟာစည်ဟိတေသီအဖွဲ့ ငွေပဒေသာပင် စိုက်ထူ

ရန်ကုန် ဇူလိုင် ၂၄

မဟာစည်သာသနာ့ရိပ်သာဟိတေသီအဖွဲ့ ဉာဏ်စဉ်တက်သောယောဂီများဆွမ်းအတွက် ဇူလိုင်၇ရက်က ဆန်ဖရန်စစ္စကိုဆရာတော် ဘဒ္ဒန္တဩဘာသေက ငွေပဒေသာပင် အပင် ၂၀ ငွေကျပ် ၁၀၀၀၀၀ စိုက်ထူလှူဒါန်းရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့်အဖွဲ့က လက်ခံရယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်းသိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းကြည့်ရှု ဗဟိုမီးသတ်သင်တန်းကျောင်း စစ်ဆေး၊ ဝန်ထမ်းများတွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇူလိုင် ၂၂ရက်တွင် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းသို့ရောက်ရှိပြီး မျက်မမြင်ကျောင်းသားများအား သင်ကြားလေ့ကျင့်ပေးမှု၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများထားရှိမှုနှင့် ဆောက်လုပ်ဆဲအဆောက်အအုံများနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးရုံးသို့ သွားရောက်၍ ကွန်ပျူတာခန်းနှင့် လေ့ကျင့်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို တင်ပြကြသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးက ဝန်ထမ်းများ တာဝန်ကျေပွန်အောင်စေတနာထား၍ ကြိုးမံ ဆောင်ရွက်ရေးမှာကြားပြီး ရုံးဝင်းအတွင်း ကြက်မွေးမြူရေးအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ မွန်လွှဲပိုင်းတွင် မန္တလေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနကလေးပြုစုရေးဌာနသို့သွားရောက်ပြီး ကလေးများ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

လက်ဆောင်ပေးအပ်

ထို့နောက်မတ္တရာမြို့နယ် ကြာနီကန်ကျေးရွာအနီး ဆောက်လုပ်မည့် လူမှုဝန်ထမ်းသင်တန်းကျောင်း မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသမီးသက်မွေးပညာသင်ကျောင်းသို့ သွားရောက်ရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမျိုးသမီးကလေးများအား အဝတ်အထည်များ လက်ဆောင်ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် မန္တလေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်ရာ ကျောင်းအတွက် လိုအပ်ချက်နှင့် ဆောင်ရွက်ချက်များကို ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ကလေးများအတွက် လက်ဆောင် အဝတ်အထည်များ ပေးအပ်သည်။

ဝန်ကြီးသည် ယမန်နေ့တွင် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်မိသားစုဝင်များ၊ အခြေခံ မီးသတ်ပညာသင်တန်းမှ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ စိုက်ပျိုးရေး သင်တန်းသားများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်မိသားစုများအတွက် အဝတ်အထည်များ လက်ဆောင်ပေးအပ်ရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်းဇင်က လက်ခံသည်။

ထို့နောက် ဒီးပင်ကြီး မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား စားစရာမုန့်များ လက်ဆောင်ပေးအပ်ပြီး ဗဟိုမီးသတ်သင်တန်းကျောင်းစားရိပ်သာများသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဘော်လခဲတွင် စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၄

ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် သာသနာရေးဦးစီးဌာနက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် တစ်နယ်လုံး ဌာနဆိုင်ရာစုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၄ ရက်က မဟာကန္တာရတိဏ္ဏစေတီတော်မှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး၊ ခရိုင်ရဲမှူး၊ မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ညိုကြသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘော်လီဘောဆက်ပြိုင် အမျိုးသမီးပွဲ တနင်္သာရီနှင့်မွန်ပြည်နယ်နိုင်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၃ခုနှစ် (၃၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသားအမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်၈နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲ

အမျိုးသား ပြိုင်ပွဲတွင်(က)အုပ်စုမှ စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (ခ)အုပ်စုမှ မွန်ပြည်နယ်က ဧရာဝတီတိုင်းကို သုံးပွဲ- နှစ်ပွဲဖြင့်လည်းကောင်း၊ (ဂ)အုပ်စုမှ ရန်ကုန်တိုင်းက ပဲခူးတိုင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီး ပြိုင်ပွဲတွင် (က)အုပ်စုမှ တနင်္သာရီတိုင်းက စစ်ကိုင်းတိုင်းကို သုံးပွဲ-တစ်ပွဲဖြင့်နိုင်ပြီး (ဂ)အုပ်စုမှ မွန်ပြည်နယ်က ရန်ကုန်တိုင်းကို သုံးပွဲ-တစ်ပွဲဖြင့်အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို ဇူလိုင်၂၅ရက် နံနက်၈နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲတွင်(က) အုပ်စုမှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်းတို့သည်လည်းကောင်း၊ (ခ)အုပ်စုမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့သည်လည်းကောင်း၊ (ဃ)အုပ်စုမှ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့သည်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် (ဃ)အုပ်စုမှ ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

ရေဒီယိုအီလက်ထရောနစ် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

Hla Thit Sar Radio. Cassette. TV. Video Training Centre (ESTD. 1979) ၏ ၂၅နှစ်မြောက် ငွေရတုကိုကြိုဆိုသောအားဖြင့်သင်ကြားမှုနှင့် သင်ယူမှု အထောက်အကူပြု (Teaching and Learning Multi-media) ရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီမျိုးစုံတို့ဖြင့် သင်ကြားပေးသည်။ အခြေခံပညာ ငါးတန်းမှ ဘွဲ့ရပြီးသူများအထိ သင်ကြားနိုင်ပြီး စိတ်ပါဝင်စားသူများသည် အမှတ် ၁၈၆ လှည်းတန်းလမ်းမ ဟံသာရိပ်မွန်အိမ်ရာ အမှတ် ၄ရပ်ကွက် ကမာရွတ်၊ ဖုန်း-၅၂၇၃၄၅၊ ၅၃၇၃၅၄နှင့်၅၀၀၄၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်ဦးလွင်မြို့၌ မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၃ခုနှစ် ဇူလိုင် ၂၄ ရက် မြန်မာစံတော်ချိန် (၀၉:၃၀)နာရီအချိန်တွင် ပြင်ဦးလွင်မြို့တွင် တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၄၃ မီလီမီတာ (၅.၆၃ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၁၂နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော(၂၄)နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

စူနီယံပတ် မူကြိုနှင့် အင်္ဂလိပ်စာသင်တန်းများ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကင်းမြို့နယ် သုခဝတီရိပ်သာကဘဲလမ်း အမှတ်(၃-D)ရှိ စူနီယံပတ် Language Centre တွင် မူကြိုနှင့် စနေ၊ တနင်္ဂနွေ ပုံမှန်တန်းခွဲများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ ဘွဲ့ကြိုဘွဲ့ရ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အမှန်တကယ် တတ်မြောက်လိုသူများအတွက် အင်္ဂလိပ်စာကို စနစ်တကျ ရေးတတ်စေရန်နှင့် အင်္ဂလိပ်စကားကို လက်တွေ့ပြောဆိုနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် English Four Skills သင်တန်းများ၊ အင်္ဂလိပ်သဒ္ဒါသင်တန်းများ၊ Phonetics သင်တန်းများပါဝင်ပြီး အတွေ့အကြုံရှိသော အင်္ဂလိပ်စာဂုဏ်ထူးဘွဲ့ရ ဆရာ၊ ဆရာမများကိုယ်တိုင် သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများသည် ဖုန်း-၅၇၈၁၆၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

✻ မြောက်တိုင်းလည်း မမြောက်နဲ့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာ့ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာ့သံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်မှုပညာပြခန်းဂီတသံ
၄:၂၀	၄။ နှာဝင်ပြိမ်းစိမ်း သီချင်းကြိုး
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၄:၅၅	၈။ အလှမ်းဝေးပန်းချီချစ်သူဆီ
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်

	(က)ဒုတိယနှစ်(စာရင်းအင်းပညာ) (ခ)ဒုတိယနှစ်(အင်္ဂလိပ်စာ)
၅:၃၅	၁၀။ ပညာဓလေ့
၅:၄၅	၁၁။ သာယာသီကြေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: အဏ္ဏဝါချစ်သူ (အပိုင်း-၁၀)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း** (ဆက်လက်ပြသမည်)
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (အပိုင်း-၃၆)**
	၂၃။ သင်္ဘောအတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ

သာကေတမြို့နယ်မှ ကျိုက်ထီးရိုးတောင်တန်းသာသနာပြုဝါဆိုအဖွဲ့ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

သာကေတမြို့နယ်မှ ကျိုက်ထီးရိုးတောင်တန်း သာသနာပြုဝါဆိုမိသားစုအဖွဲ့၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၂ရက်နံနက် ၈နာရီက ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်၌ကျင်းပရာ ကျိုက်ထိုမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ စေတီတော်သြဝါဒစရိယဆရာတော်များ၊ ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်းနာယကဆရာတော် ဦးနန္ဒိယ၊ ကျောင်းထိုင်ဆရာတော်ဦးရေဝတနှင့် ကျိုက်ထီးရိုး တောင်တန်း တစ်ဝိုက်ရှိကျောင်းပေါင်း ၄၈ကျောင်းမှ ဆရာတော်သံဃာတော် ၁၅၉ပါး ကြွရောက်တော်မူကြပြီး နယ်မြေခံတပ်ရင်း၊ ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် အနယ်နယ်အရပ်ရပ်မှ ဝါဆိုမိသားစုဝင် ၁၃၀၀ကျော် တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အဖွဲ့နာယက ဦးတင်စိန်က ဝါဆိုသင်္ကန်း ကပ်လှူရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဖွဲ့နာယက ဦးတင်လှိုင်-ဒေါ်ရင်ရင် မိသားစုက ရင်ပြင်တော်ကျောင်းပြုပြင်ရန် အလှူငွေကျပ် ၅၃သိန်းကိုလည်းကောင်း၊ ဦးတင်စိန်-ဒေါ်မြင့်မြင့်စန်းမိသားစုက ပစ္စည်းနှင့် ငွေသားတန်ဖိုးငွေကျပ် ၁၀၅၀၀၀ကိုလည်းကောင်း၊ ဝါတွင်းဆွမ်း အလှူငွေကျပ် ၃၀၀၀၀ကို ဦးဝင်းမြင့်ကလည်းကောင်း၊ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး အလှူငွေကျပ် ၅၀၀၀၀ကို ဒေါ်ခင်စီကလည်းကောင်း၊ ရင်ပြင်တော်ကျောင်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀ကို အဖွဲ့ခေါင်းဆောင် ဦးဟန့်ခင်ကလည်းကောင်း၊ အခြားအလှူပစ္စည်းနှင့် အလှူငွေများကို အလှူရှင်အသီးသီးကလည်းကောင်း လှူဒါန်းကြရာ ဆရာတော် သံဃာတော်များ ကိုယ်စားတာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ရင်ပြင်တော်ကျောင်းနာယက ဆရာတော် ဦးနန္ဒိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က သြဝါဒကထာမြွက်ကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ဝါဆိုပန်းအလှပြိုင်ပွဲ ဆုရအဖွဲ့များအား ဆရာတော်ဦးနန္ဒိယက ဆုများချီးမြှင့်သည်။

ယင်းနောက် နယ်မြေခံတပ်ရင်းမှ အရာရှိနှင့်ဂေါပကအဖွဲ့ဝင်များ၊ ဝါဆိုမိသားစုအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဆရာတော်သံဃာတော်များထံ ဝါဆိုသင်္ကန်းများ ကပ်လှူကြသည်။ ဆက်လက်၍ ဝါဆိုမိသားစုများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုမိသားစုဝင်များသည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် ပန်းအလှပြိုင်ပွဲ ကျင်းပပြီး ကျိုက်ထီးရိုး ဆံတော်ရှင် စေတီတော်မြတ်ကြီးအား ဝါဆိုပန်းများကပ်လှူကြပြီး ရင်ပြင်ဆရာတော်ဦးနန္ဒိယနှင့် ဦးရေဝတတို့အား သိက္ခာထပ်မင်္ဂလာ ဆင်ယင်ကျင်းပကာ ရင်ပြင်တော်၌ သံဃာတော် ၁၆၁ပါးတို့အား သိမ်ဆင်းလောင်းလှူကြသည်။ စေတီတော်မြတ်ကြီးအား ညပိုင်းတွင် ဝါဆိုဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ဝါဆိုမိသားစု အဖွဲ့ဝင်များက ကျိုက်ထီးရိုးတောင်တန်းတစ်ဝိုက်နှင့် ကျိုက်ထိုမြို့ပေါ်မှ ကျောင်းပေါင်း ၆၆ ကျောင်းသို့ စုပေါင်းလှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ သင်္ကန်း ၈၆၅စုံ၊ ဖိနပ် ၆၅ရံ၊ ဖယောင်းတိုင်အထုပ် ၁၇၅၀၊ ငါးပေဖရောင်းတိုင်နှင့် ဝါဆိုဖယောင်းတိုင် ၇၆တိုင်၊ ဆွမ်းဆန် ၃၉၃အိတ်၊ ဆီပိဿာ ၆၀၊ ဒီဇယ်ဆီဂါလန် ၁၅၀နှင့် ငွေသား ၁၄၆သိန်းကျော် အပါဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၆သိန်းကျော်ဖိုးဖြစ်သည်။

(သတင်းစဉ်)

သာကေတမြို့နယ် ကျိုက်ထီးရိုး တောင်တန်းသာသနာပြု ဝါဆိုမိသားစု၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကျိုက်ထီးရိုး စေတီတော်ရင်ပြင်တော်၌ ကျင်းပစဉ်။ (က-ပ)

ကျီးသဲအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ကျီးသဲအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး၊ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ လေးထပ်ကျောင်းတော်ကြီး ပြန်လည်တည်ဆောက်ရေး ရှင်းလင်းတင်ပြပွဲကို ဇူလိုင် ၂၇ ရက် (ဝါဆိုလပြည့်ကျော် ၁၄ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း ဉယျာဉ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တခေမ္မာဝါဒ၏ ဇမ္ဗူထိန်လင်းတိုက်ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် သင်္ကန်းနှင့် အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ဦးစိုးနိုင်(ကျီးသဲညွန့်နိုင်) ဖုန်း-၂၅၂၁၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးကိုလေး ဖုန်း-၅၄၉၄၈၁၊ ဦးသန့်ဇင် ဖုန်း-၇၂၃၄၄၀နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမြင့် ဖုန်း-၅၈၄၇၀၆ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဇုန် နယ်မြေ(၄) ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဇုန်နယ်မြေ(၄)အတွင်းရှိ အဖွဲ့ခွဲတာဝန်ခံများ၊ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသိုက်ထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

- ရှင်းလင်းတင်ပြ -

ဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် အဖွဲ့ခွဲတာဝန်ခံများက မိမိတို့နယ်မြေများအလိုက် မိုးစပါး၊နွေစပါးရာနှုန်းပြည့် စိုက်ပျိုးရန် စီစဉ်ထားရှိမှု အခြေအနေများနှင့် စပါးစိုက်မရသည့် မြေနေရာများ၌ အခြားသီးနှံ အစားထိုးစိုက်ပျိုးရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဝင်ငွေတိုးပွားပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အနာဂတ်ကိုရည်မှန်းပြီး မျိုးကောင်းမျိုးသန့်စပါးမျိုးဖြင့် လယ်သမားများ ဘက်ကလည်း နွေစပါး၊ မိုးစပါး လျာထားချက်မီအောင် ကြိုးစားလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ စပါးစိုက်ပျိုးမရသည့် မြေနေရာများ၌ သစ်တောပင်များ စိုက်ပျိုးရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့နယ်မြေများအတွင်း မြေကွက်လပ်များ မကျန်အောင် စိုက်ပျိုးနိုင်ရေးနှင့် ဇုန်နယ်မြေ(၄)အတွင်း စွမ်းအားပြည့်မြေ အသုံးချနိုင်အောင် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ရန် ဆွေးနွေးမှာကြားသွားသည်။

(သတင်းစဉ်)

ကြေးမုံ ရုပ်ရှင်

"အချစ်နှင့် သူ၏ဂုဏ်သိက္ခာ" ဇာတ်ကားသစ် ယခုအပတ်ရုံတင် ဂျက်ကီချန်းအက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံ၌ပြသ

ရန်ကုန် ဇူလိုင် ၂၄

ယခုသောကြာပတ်တွင် ဒါရိုက်တာ မောင်နန္ဒရိုက်ကူးသည့် **အချစ်နှင့်သူ၏ဂုဏ်သိက္ခာ** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်လာသည်။ ထားဝယ်ရုပ်ရှင်မှ စိုးဇန်အောင်၏ ဇာတ်လမ်းကို ငြိမ်းမင်းဇာတ်ညွှန်းရေးသား၍ သရုပ်ဆောင်များအဖြစ် ရန်အောင်၊ ဒွေး၊ ထွန်းအိန္ဒြာဗိုနှင့် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ကြသည်။

အချစ်နှင့်သူ၏ဂုဏ်သိက္ခာ

"အချစ်နှင့် သူ၏ ဂုဏ်သိက္ခာ"ဇာတ်ကားသစ်မှ ဒွေးနှင့် နန္ဒာလှိုင်။

မေတ္တာဖွဲ့ဇာတ်လမ်း

အဆိုတော်ဖြစ်လိုသော မိန်းကလေးတစ်ဦး၊ သူ့အားလက်ထပ်လိုသော မုဆိုးဖိုတစ်ဦး၊ အဆိုတော်၏ ချစ်သူနှင့် မုဆိုးဖိုသူဌေးကြီး၏ သမီးတို့ ဆုံစည်းကြရာမှ ချစ်ခြင်း၊ မုန်းခြင်းတို့ အထွတ်အထိပ်ရောက်ကာ ဘဝလောကခံအကြား လှုပ်ရှားရပုံများကို သရုပ်ဖော်ထားသည်။ နောက်ဆုံးသစ္စာတရားရှိမှု၊ ချစ်ခြင်းမေတ္တာနှင့် ဂုဏ်သိက္ခာတို့၏ နက်နဲတည်ငြိမ်မှုကို စိတ်ဝင်စားဖွယ် တင်ပြထားသော မေတ္တာဖွဲ့ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

ကံကောင်းခြင်းလက်ဆောင်

ဆက်လက်၍ လွင်မိုး၊ ထက်ထက်မိုးဦး၊ ထွန်းထွန်းနိုင်၊ မေသန်းနုနှင့် ခန့်စည်သူတို့ ပါဝင်သည့် **ကံကောင်းခြင်းလက်ဆောင်** ဇာတ်ကားမှာ ရွှေ့ဆောင်ရုံနှင့် နဝဒေးရုံတွင် ပြသနေသည်။

နိုင်ငံခြားဇာတ်ကားသစ်ဖြစ်သည့် ဂျက်ကီချန်းပါဝင်သော The Tuxedo အမည်ရှိ အက်ရှင်ဇာတ်ကား နေပြည်တော်ရုံတွင် ပြသနေသည်။ လောဘစိတ်ဖြင့် သောက်သုံးရေသန့်တွင် ဘက်တီးရီးယားပိုးများ ထည့်ပြီး မကောင်းကြံသည့် လူဆိုးဂိုဏ်းအား အပြိုင်အဆိုင် တိုက်ခိုက်ရပုံများကို သည်းထိတ်ရင်ဖို ရိုက်ကူးတင်ပြထားသည်။

သက်စွန့်ဆံဖျား

နာမည်ကျော်မင်းသား စတားလုံး၏ သက်စွန့်ဆံဖျား တိုက်ခိုက်စွန့်စားခန်းများနှင့် ကယ်လီဖိုးနီးယားနှင့်တောင်ရှူခင်းများကို နောက်ခံထားရိုက်ကူးပြသသည့် Cliff Hanger အမည်ရှိ နိုင်ငံခြားဇာတ်ကား ရွှေဂုန်ရုံ၌ တင်ဆက်ပြသလာသည်။

ပြသခွင့်ရရှိပြီး ရုံတင်ရန် စီစဉ်နေသော စွယ်တော်ရုပ်ရှင်မှ ဒါရိုက်တာမောင်တင်ဦး ရိုက်ကူးသည့် "လမင်းကို စိန်ခေါ်ကြသူများ" ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

မြို့မရုံတွင် ဆက်လက်၍ ပြသဆဲရှိသည့် Awara Paagal Deewana အမည်ရှိ အိန္ဒိယဇာတ်ကား ပြသနေသည်။ ဆုထူးပန်ရုံတွင် English Babudesi Men အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ပြသနေသည်။ ရှရွတ်ခန်း၊ ဆိုနာလီဘန်ဒီ တို့ပါဝင်ထားကြသည်။

(ကြေးမုံ)

ရုပ်ရှင်အစည်းအရုံး ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်အစည်းအရုံးဝင် သားသမီးများ ပညာသင်စရိတ်အဖြစ် တစ်ဦးလျှင် ကျပ် ၃၅၀၀ စီဖြင့် အစည်းအရုံးဝင်မိသားစု ၇၇ဦးတို့အား မကြာမီက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စုအနှံ့ ဒေသတစ်ဝန်း တည်ဆောက်ပြုပြင်မှု မြင်ကွင်းအဖုံဖုံ

မြန်မာနိုင်ငံ၏ အကြီးဆုံး ရေလှောင်တမံ

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်တွင် ၂၀၀၁ ခုနှစ် မေ ၁၇ ရက်က ဖွင့်လှစ်ခဲ့သော သဖန်းဆိပ် ရေလှောင်တမံသည် မြန်မာနိုင်ငံ၌ အကြီးဆုံး ရေလှောင်တမံဖြစ်သည့်အပြင် အရှေ့တောင်အာရှ၌ အရှည်ဆုံး ရေလှောင်တမံစာရင်းဝင် အကြီးဆုံး ရေလှောင်တမံကြီး ဖြစ်သည်။ (ဝဲပုံ) (သဖန်းဆိပ် ရေလှောင်တမံကြီးသည် မြေဧရိယာ ဧက ငါးသိန်းကျော်ကို ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် တစ်နှစ်ပတ်လုံး ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇ ဒသမ ၂ သန်း ထုတ်လုပ်ဖြန့်ဝေပေးသည်။ သဖန်းဆိပ် ရေလှောင်တမံမှာ မူးမြစ်ပေါ်တွင် တည်ဆောက်ထားပြီး တမံအလျား အရှည်ပေ ၂၂၂၅၀ ရှိ၏။ သဖန်းဆိပ် ရေလှောင်တမံသည် နိုင်ငံတော်၏ ၁၂၀ မြောက် ဆည်မြောင်းစီမံကိန်းကြီးဖြစ်သည်။)

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)



ကျောဇီမြစ်ရေတင် စီမံကိန်း

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီ လျှပ်စစ်မြစ်ရေတင် စီမံကိန်းအရ ဧရာဝတီမြစ်မှ ရေများကိုလျှပ်စစ်ဖြင့် တင်ယူစဉ်။ (ဝဲပုံ)

(ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး)

ဓာတ်ပုံမှတ်တမ်း

သတင်းစဉ်
ခရမ်းစိုးမြင့်
စိုက်ပျိုးရေးနှင့်
စက်မှု(၂)

စက်မှု(၂)ဝန်ကြီးဌာန ဒီဇယ်အင်ဂျင်စက်ရုံ

ပဲခူးတိုင်း အင်းတကော်ဒေသ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ မကြာမီက တည်ဆောက်ပြီးစီးခဲ့သည့် မြင်းကောင်ရေ (၁၈) ဒီဇယ်အင်ဂျင်စက်ရုံတွင် လယ်ယာလုပ်ငန်းခွင်သုံး ရေစုပ်စက်များ၊ လက်တွန်းထွန်စက်များ၊ မီးစက်များ၊ ပဲ့ထောင်များ အစရှိသည်တို့တွင် အသုံးပြုနိုင်မည့် မြင်းကောင်ရေ(၁၈) ဒီဇယ်အင်ဂျင်များ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သည်။ (အောက်ပုံ) *[ဓာတ်ပုံမှတ်တမ်း-စက်မှု(၂)ဝန်ကြီးဌာန]*

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းလမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်ပေါ်တွင် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ရန်လမ်းကို အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပေးလျက်ရှိရာ လုပ်ငန်းခွင်တစ်နေရာတွင် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။ (အဆိုပါလမ်း မိုင် ၃၀ မှာ ယခုအခါ အပြီးတိုင်ဖောက်လုပ်ပြီးဖြစ်၍ ရေအားလျှပ်စစ် စီမံကိန်းအပြင် တောင်ပေါ်ရွာတိုင်းရင်းသားများပါ အသုံးပြုသွားလာနိုင်ကြပြီဖြစ်သည်)။ (အပေါ်ပုံ)

(ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

ပြည်တွင်းသုံးစွဲမှုလုံလောက်အောင် ရေနံနှင့်ဓာတ်ငွေ့ တိုးမြှင့်ရှာဖွေ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ကုဗပေ ၇၃သန်းထုတ်လုပ်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ် (၁၇) တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ရန်ကုန် ဇူလိုင် ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့တွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးရဲခေါင်က ညောင်တုန်းတွင်းသစ်အမှတ်(၁၇)ကို အောင်မြင်စွာ တူးဖော်နိုင်မှုအခြေအနေ၊ လက်ရှိထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု လုံလောက်အောင် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ရှာဖွေထုတ်လုပ်သွားနိုင်ရေး၊ ညောင်တုန်းဒေသအတွင်း၌ တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးက ညောင်တုန်းတွင်းသစ်အမှတ်(၁၇)ကို အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ချီးမြှင့်အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဝန်ကြီးသည် တွင်းသစ်အမှတ်(၁၇)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ်အမှတ်(၁၇)မှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၅၁သမ ၂သန်း၊ လေဆီ Condenste ၇၂စည်ခန့် နေ့စဉ်ထုတ်လုပ်လျက် ရှိသည်။

နေ့စဉ်ထုတ်လုပ်

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၇တွင်းမှ သဘာဝဓာတ်ငွေ့ကုဗပေ ၇၃သန်းခန့်နှင့် လေဆီ Condenste ၁၀၈၂စည်ခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိပြီး ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ညောင်တုန်း-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ရန်ကုန်ဒေသတွင်းရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိသည်။

(သတင်းစဉ်)

○ ပြည်ထောင်စုဖွားမှ

အခန်း၁၅ခန်းပါ ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်း၊ အခန်း ၁၀ခန်းပါ လက်ယာဘက်အဆောင်ကို ဆောက်လုပ်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတို့ကို နောင်တော်ရေကန်မှ ပိုက်လိုင်းသွယ်တန်းပြီး ရေသွယ်ယူခဲ့ရာ ၂၀၀၃ခုနှစ် ဇူလိုင်၁ရက်မှစ၍ သောက်ရေ၊ သုံးရေများ ရရှိနေပြီဖြစ်သည်။ လျှပ်စစ်မီးရရှိရေးတွင် အစိုးရ ကွန်ပျူတာကောလိပ်(ပင်လုံ)အတွက်ဗို့အား၁၆၀ရှိ ထရန်စဖော်မာတပ်ဆင်ပြီး မီးလိုင်းများ သွယ်တန်းခဲ့ရာ ယခုအခါ ကွန်ပျူတာကောလိပ်(ပင်လုံ)၌ လျှပ်စစ်မီး လင်းထိန်နေပြီဖြစ်သည်။

အစိုးရ ကွန်ပျူတာ ကောလိပ်(ပင်လုံ)အဆောက်အအုံသည်၁၀၄၃၀၈ စတုရန်းပေရှိရာ အဆောင်များအားလုံး တည်ဆောက်ပြီးစီးပါက ခန့်မှန်းကုန်ကျငွေကျပ် ၆၂၅၈၄၈၀၀၀ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

ရည်ရွယ်ချက်

အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)၏ သင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်မှာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက်ကွန်ပျူတာ Hardware နှင့် Software များကို တီထွင်ခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် အသုံးချခြင်းများကို လက်တွေ့လုပ်ဆောင်နိုင်သော ပညာရှင်များ မွေးထုတ်ပေးရန်၊ မြန်မာနိုင်ငံတော်နှင့် ဒေသတွင်းလိုအပ်လျက်ရှိသောအခြေခံ ITပညာရှင်များမှ ထူးချွန်သူများအား အဆင့်မြင့် ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ရန်၊ အဆင့်မြင့် ITပညာရှင်များကို အသုံးပြုပြီး ITဆိုင်ရာ သုတေသနနှင့် တီထွင်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ နိုင်ငံတော်တစ်ရပ်လုံးတွင် IT အသုံးပြုမှု တွင်ကျယ်လာစေရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ ဖြစ်သည်။

အဓိကဘာသာရပ်များ

သင်ကြားပို့ချမည့် အဓိကဘာသာရပ်များမှာ ကွန်ပျူတာသိပ္ပံဘာသာရပ်၊ ကွန်ပျူတာနည်းပညာ ဘာသာရပ်၊ ကွန်ပျူတာအသုံးချ ဘာသာရပ်၊ ကွန်ပျူတာ သုတသိပ္ပံဘာသာရပ်၊ တွက်ချက်ရေး သင်္ချာဘာသာရပ်၊ ကွန်ပျူတာစက်ပိုင်းဆိုင်ရာဘာသာရပ်ပေါင်းဘာသာရပ်ခြောက်ခုနှင့် ဘာသာစာပေဘာသာရပ် (English) တစ်ခု အပါအဝင် သင်ကြားရေး ဘာသာရပ် ခုနစ်ခုဖြစ်သည်။

သင်တန်းကာလနှင့် သင်ကြားမည့် အစီအစဉ်တွင် သင်တန်းကာလမှာ အချိန်ပြည့်တစ်နှစ်ဖြစ်ပြီး၊Semester တစ်ခုခွဲထားသည်။ စာသင်နှစ်ကာလတွင် ပို့ချ၊ လက်တွေ့၊ နည်းပြတန်းများဖြင့် ဘာသာရပ်များကို သင်ကြားသွားမည်ဟု သိရသည်။

တစ်ပြေးညီဖြစ်စေရေး

ယခုဖွင့်လှစ်သည့် သင်တန်းများတွင် မြန်မာတစ်နိုင်ငံလုံးတွင် တစ်ပြေးညီဖြစ်စေရေးနှင့် စံ(Standard) တစ်ခုထားရှိနိုင်ရန်ရည်ရွယ်ပြီး သင်ကြားရေးကို Modula စနစ်ဖြင့် ပြုလုပ်ထားရှိမည်ဟုလည်း သိရသည်။

ပေးအပ်မည့်ဘွဲ့များမှာ ကွန်ပျူတာပညာအခြေခံသင်တန်း(GCCE)တစ်နှစ်၊ ကွန်ပျူတာသိပ္ပံဘွဲ့(B.C. Sc)သုံးနှစ်၊ ကွန်ပျူတာနည်းပညာဘွဲ့ (B.C, Tech)သုံးနှစ်၊ကွန်ပျူတာသိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (B.C. Sc, Hons) လေးနှစ်၊ ကွန်ပျူတာနည်းပညာ (ဂုဏ်ထူး)ဘွဲ့ [B.C,Tech (Hons)] လေးနှစ်ဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ ကွန်ပျူတာသိပ္ပံဒီပလိုမာ (D.C.Sc) သင်တန်းကာလ တစ်နှစ်ဖြစ်သည်။

ဘွဲ့ဒီဂရီ ချီးမြှင့်ခြင်းအပိုင်းတွင် စာမေးပွဲဖြေဆိုအောင်မြင်ပြီး လိုအပ်သော လက်တွေ့ပိုင်းဆိုင်ရာ Project တစ်ခုတင်သွင်းပြီးပါက B.C. Sc ၊ B.C Tech ဘွဲ့များ ချီးမြှင့်မည်ဟု သိရသည်။ ထို့အပြင် ကွန်ပျူတာဘွဲ့ ထူးချွန်စွာ အောင်မြင်သူများအား ကွန်ပျူတာ တက္ကသိုလ်များတွင် ကွန်ပျူတာပညာဂုဏ်ထူးဘွဲ့ B.C.Sc၊ (Hons)၊ B.C, Tech (Hons) သင်တန်းသို့ ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဟုသိရသည်။ ၎င်းအပြင် အဆင့်ဆင့်ထူးချွန်စွာ အောင်မြင်ကြသော B.C.Sc (Hons)၊ B.C,Tech (Hons)ဘွဲ့ရသူများသည်(M.C.Sc' M.C, Tech) Ph.Dစသော ဒီဂရီများ အထိ ပြုလုပ်နိုင်သော အခွင့်အလမ်းများ ရရှိကြမည်ဟု သိရသည်။

တက်ရောက်သင်ကြား

ယခုအခါတွင် အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)တွင်ပထမနှစ်သင်တန်း၊ ပထမနှစ်အကြို GCCE သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ လုပ်ငန်းခွင်သုံးလသင်တန်း၊ သင်တန်းလေးရပ်ပေါင်း၌ ကျောင်းသူ၊ ကျောင်းသား ၄၀၀နီးပါး တက်ရောက်သင်ကြားလျက်ရှိနေကြသည်ဟု သိရသည်။ ။

(ကြေးမုံ)

မီးသတ်ဝတ်စုံ ပေးအပ်

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၄၀)ရပ်ကွက်က ကြီးကြပ်သော အရန်မီးသတ် ဝတ်စုံပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြို့နယ်မီးသတ် ဦးစီးမှူးဦးမြင့်ဟန်က တပ်ဖွဲ့ဝင်တစ်ဦးအားမီးသတ်ဝတ်စုံ ပေးအပ်စဉ်။

(က-ပ)

ဓမ္မဒူတအရှင်ဆေကိန္ဒ အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မန္တလေးတိုင်း ပျဉ်းမနားမြို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းမှကြီးမှူးပြုလုပ်သော ရေဆင်းတက္ကသိုလ် စိန်ရတုဓမ္မာရုံ၏အထူးတရားပွဲ၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋ္ဌိပတ္တိ မဟာဌာနကထိက ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်သည် ဇူလိုင်၂၆ရက် ည ၇နာရီနှင့် ဇူလိုင်၂၇ရက် နံနက်၉နာရီတို့၌ တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး လမ်းမတော်နှင့် ဒဂုံမြို့နယ်တရားရုံးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် တရားရုံးနှင့် ဒဂုံမြို့နယ်တရားရုံးတို့သို့ သွားရောက်၍ လမ်းမတော်မြို့နယ် တရားရုံးနှင့် ဒဂုံမြို့နယ်တရားရုံးတို့မှ မြို့နယ် တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ မူဝါဒများ၊ နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်များ၊ အမှုများ မှန်မှန်နှင့်မြန်မြန် စစ်ဆေးနိုင်ရေးကိစ္စရပ်များ၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာများ၊ ဝန်ထမ်းသက်သာလုပ်ငန်း အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးသည် လမ်းမတော်မြို့နယ် တရားရုံးနှင့် ဒဂုံမြို့နယ်တရားရုံး၏ မှုခင်းကြားနာစစ်ဆေးခြင်းလုပ်ငန်းများ၊ တရားရုံးလုပ်ငန်းများ၊ ၂၀၀၂ခုနှစ်အတွင်း အမှုများ စစ်ဆေးပြီးပြတ်မှုအခြေအနေနှင့် တရားစီရင်ရေးလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

PES Practical English Speaking U Win Maw (Research) အင်္ဂလိပ်စကားပြော သင်တန်းတွင် တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုဆိုင်ရာ General English Courses သင်တန်းများဖြစ်သည့် အခြေခံ Grammar နှင့် Speaking လေးလ၊ အဆင့်မြင့် Spoken English လေးလ၊ အဆင့်မြင့် Vocabulary & Reading လေးလ၊ Phonetics တစ်လခွဲ စသည့် လစဉ်ပုံမှန်သင်တန်း ဖွင့်လှစ်လျက်ရှိရာ ဖုန်း-၅၀၃၉၈၄နှင့်၂၂၂၄၂၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

* ခြောက်တိုင်းလည်း မကြောက်နဲ့

ပီအမ်ဂျီ ကံစမ်းမဲများ ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၄

Peace Myanmar Group ကုမ္ပဏီလီမိတက်က ၂၀၀၂ခုနှစ် ဇူလိုင်မှ စတင်ပြုလုပ်လျက်ရှိသော အထူးဆုစိန်လက်စွပ် ငါးဆုနှင့် ငွေကျပ်သိန်းတစ်ထောင်တန်ဖိုးရှိ PMGထုတ်ကုန်များ၏ အဖုံးတွင်းကံစမ်းမဲများမှ ဆုမဲပေါက်သူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင်၁၉ရက်က မန္တလေးမြို့ အိုရီယင်တယ်ဟိုတယ်ခန်းမတွင် ပြုလုပ်ရာ အရောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

PMG ကုမ္ပဏီ အရောင်းနှင့်ဈေးကွက် ဒါရိုက်တာ ဦးသိန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂုဏ်ပြုဆုမဲများ ချီးမြှင့်ပွဲကျင်းပရာ စတုတ္ထအကြိမ် ကျပ်၁၀သိန်းဆွတ်ခူးရရှိသည့် မန္တလေးမြို့မှ ဦးမင်းအောင် (ရဲရင့်စာပေ)အား စာရေးဆရာ ညီပုလေးက ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)** ကူပွန်များမှ ပထမဆုငွေ ကျပ်ငါးသိန်းရရှိသူနှင့် မြို့နယ်အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ငွေကျပ်သိန်းတစ်ထောင် PMGအဖုံးတွင်း ကံစမ်းမဲမှ ကျန်ရှိနေသေးသော စိန်လက်စွပ် လေးကွင်း၊ ငွေကျပ်၁၀ သိန်း ခြောက်ဆုနှင့် အခြားဆုမဲပေါင်းများစွာကို PMG ထုတ်ကုန်ပစ္စည်းများ၏ အဖုံးအတွင်း ကံစမ်းမဲများကို ဆက်လက်ကံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မဟာစည် အမျိုးသမီးယောဂီအဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ဗဟန်းမြို့နယ် အမှတ် (၁၆) သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ (၂၅) ကြိမ်မြောက် ငွေရတုနှင့် ၂၀၀၂-၂၀၀၃ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ဓမ္မသာလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၂၁ရက်တွင် ပဲခူးမြို့သို့ရောက်ရှိပြီး ရွှေဝါထွန်းဟိုတယ်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ညောင်လေးပင်မြို့သို့ ရောက်ရှိပြီး အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်မည့် အဆောက်အအုံကိုလည်းကောင်း၊ ကျောက်တံခါးမြို့နှင့် ပဲနွယ်ကုန်းမြို့တို့သို့ ရောက်ရှိပြီး တယ်လီဖုန်းရုံးနှင့် မိုက္ကရိုဝေ့ဗ်စခန်းတို့ကိုလည်းကောင်း၊ ဖြူးမြို့နှင့် အုတ်တွင်းမြို့တို့သို့ ရောက်ရှိပြီး တယ်လီဖုန်းအိတ်ချိန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ငူမြို့သို့ရောက်ရှိပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့်တွေ့ဆုံကာ တောင်ငူမြို့၌ အော်တိုတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်နိုင်ရေးနှင့် အဝေးဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် ပျဉ်းမနားမြို့သို့ရောက်ရှိပြီး အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ပေးနိုင်ရေးကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇူလိုင် ၂၂ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ ရောက်ရှိ၍ ပြုပြင်တည်ဆောက်နေသော အောင်မြင်ဇေယျစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် အောင်လံမြို့သို့ရောက်ရှိ၍ အောင်လံမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၂၃ရက်တွင် ပြည်မြို့ အော်တိုအိတ်ချိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ပေါင်းတည်၊ ဓိကုန်းနှင့် တိုက်ကြီးမြို့တို့တွင် တယ်လီဖုန်းအိတ်ချိန်းနှင့် မိုက္ကရိုဝေ့ဗ်စခန်းများကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ပေးနိုင်ရေးနှင့် ဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို စီစဉ်မှာကြားသည်။ (သတင်းစဉ်)

စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

United Engineering Co., Ltd.(Myanmar)၊ Informatics Holding Co.,Ltd.(Singapore)၊ Sumitomo Corporation (Singapore) တို့ ပူးပေါင်း ဖွင့်လှစ်သည့် မြန်မာနိုင်ငံ၌ ပထမဦးဆုံး ပုဂ္ဂလိက စီမံခန့်ခွဲမှုပညာ သင်တန်းကျောင်းဖြစ်သည့် Thames Management Centre ၌ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှုပညာရပ်များကို အမှန်တကယ် တတ်ကျွမ်းလိုသူများ၊ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းကြီးများတွင် စီမံခန့်ခွဲသူအဖြစ် လုပ်ကိုင်လိုသူများ၊ နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာအောင်လက်မှတ်များ ရယူလိုသူ နိုင်ငံသားများအတွက် ရည်ရွယ်လျက် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများကို ပညာအရာ အဆင့်မြင့်မားသော ဆရာ၊ဆရာမကြီးများကိုယ်တိုင် စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

Diploma in Business Administration, Diploma in Marketing &Public Relationနှင့် Higher, Advanced Diploma တန်းခွဲသစ်များကို ဩဂုတ် ၂၂၊ ၂၃၊၂၄ရက်များ၌ ဖွင့်လှစ်မည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းသူများအတွက် Discount အစီအစဉ်များရှိကြောင်း၊ ဆက်သွယ်စာရင်းပေးသွင်းလိုသူများသည် အမှတ် (၂၂၀၊ ၂၂၂) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၃၁၈၈၊ ၂၀၀၃၄၃နှင့်၂၉၆၈၂၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။(က-ပ)

အီလက်ထရောနစ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

အောင် အီလက်ထရောနစ်သင်တန်းမှ (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီဒီစီ) စက်ပြုပြင်ရေးသင်တန်းများကို လက်တွေ့အဓိကထား၍ နေ့၊ ည သီးသန့်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းသစ်များကို ဩဂုတ် ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အောင်အီလက်ထရောနစ်စက်ပြင်သင်တန်း အမှတ်(၄၄)၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ် ဖုန်း-၅၄၀၁၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃ခုနှစ် အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကျိုက္ကဆံ ဘတ်စကက်ဘောအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသား ပထမအကြိုဗိုလ်လုပွဲတွင် လယ်/ဆည်အသင်းက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို ၈၃မှတ်-၅၉မှတ်ဖြင့်နိုင်ပြီး၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကို ၆၅မှတ်-၃၇မှတ်ဖြင့်နိုင်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်သွားသည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက စက်မှု(ကြွေ/မြေ)(ခ)အသင်းကို ၆၆မှတ်-၃၄ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပြိုင်ပွဲများ

အမျိုးသား တတိယနေရာလုပွဲအဖြစ် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့သည် လည်းကောင်း၊ အမျိုးသား အသက်(၁၈)နှစ်အောက်လူငယ်ဗိုလ်လုပွဲအဖြစ် ILBCအသင်းနှင့် ဗဟိုလူငယ်အသင်းတို့သည် လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲအဖြစ် လယ်/ဆည်အသင်းနှင့် စက်မှု(ကြွေ/မြေ) (က)အသင်းတို့သည် လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲအဖြစ် လယ်/ဆည်အသင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

ကေအမ်ဒီ ကွန်ပျူတာ အောင်လက်မှတ်ပေးအပ်

ရန်ကုန် ဇူလိုင် ၂၄

KMD Computer Center မှ NCC ၏ BCIS, IADCS, IDCS, IDEC ဒီပလိုမာစာမေးပွဲများတွင် ဖြေဆိုအောင်မြင်ခဲ့သော သင်တန်းသူ၊ သင်တန်းသားများအား အောင်လက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၈ရက် နံနက် ၉နာရီက လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ Culture Attache and Director Mr.Marcus Milton က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် NCC, UK မှ Business Development Manager (South East Asia and Pacific Region) Mr. Tony Wong၊ မြန်မာနိုင်ငံ၏ Exam Services Manager ဦးကျော်ထင်နှင့် KMD Computer Centre မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းတင်တို့က အမှာစကားပြောကြားကြသည်။

အောင်လက်မှတ်ပေးအပ်

ထို့နောက် Business Development Manager Mr. Tony Wong က တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံးရရှိသော KMD Computer Centre မှ သင်တန်းသား မောင်ကျော်ဝင်းလွင်အား World High Achiever Awards For BCIS ဆုကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ဓါတ်ပုံ)** ဆက်လက်၍ Programming Project ဆုပေးပွဲ၊ ဒီပလိုမာသင်တန်း အောင်လက်မှတ် ပေးအပ်ပွဲ ကျင်းပသည်။ (က-ပ)

ကျောက်မြောင်းမြို့သစ်(၁)လမ်း ဓမ္မာရုံဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ်ရှိ ဓမ္မာရုံသည် ရပ်ကွက်၏ ဘာသာရေးနှင့်လူမှုရေး ကိစ္စများကို ၁၉၄၂ခုနှစ်က စတင်တည်ထောင်အသုံးပြုခဲ့သည်။ နှစ်ပေါင်း ၆၁နှစ်ကျော်ပြီဖြစ်သော ဓမ္မာရုံသည် ဟောင်းနွမ်းဆွေးမြည့်နေခြင်းကြောင့် အလှူရှင် ရွှေမြင်တင် ဦးညို (သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်၍ သား၊ သမီးဖြစ်သူ ဦးသက်တင် - ဒေါ်အေးအေးခိုင်၊ မြေးများဖြစ်သော ခိုင်သွယ်ဦး၊ အောင်ဖြိုးသက်(ရွှေမြင်တင် မိသားစု)က ကျပ်သိန်း ၃၀ကျော်ကျခံပြီး ခေတ်မီအဆောက်အအုံအဖြစ် အသစ်ပြန်လည်ပြုပြင်ပြီးဖြစ်သည်။

ယင်းဓမ္မာရုံဖွင့်ပွဲကို ရွှေမြင်တင် ဦးညိုနှင့် မြေးများက ဇူလိုင် ၁၃ရက် (ဝါဆိုလပြည့်နေ့) နံနက်က အဆိုပါ ဓမ္မာရုံ၌ ကျင်းပသည်။

(အပေါ်ပုံ) (က-ပ)

တေးဂီတဖန်တီးမှု သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

Shalom Computer Centre နှင့် Eternity Studio (W.Aung Li) တို့ ဦးစီး၍ လက်တွေ့အသုံးချ အခြေခံအသံဖမ်းနည်းပညာ၊ Computer ဖြင့် တေးဂီတဖန်တီးခြင်း နည်းပညာတို့ကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတွင် အသံအခြေခံ၊ Mic & Instrument, How to use Mixer, How to use Amplifier, How to use Recorder, Cake Walk Pro Audio Version 9.0, Logic Audio နှင့် Wave Lab Version 4.0 Software တို့နှင့် တွဲဖက်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းပြီးမြောက်ပါက စိတ်ဝင်စားပြီး အရည်အချင်းပြည့်မီသူများကို On Job Training ပြုလုပ်ပေးမည်ဖြစ်သည်။ သင်တန်းကို ဩဂုတ် ၂ရက်(စနေနေ့)တွင် စမည်ဖြစ်ရာ စိတ်ဝင်စားသူများ အနေဖြင့် အမှတ်(၄၆၈) ဒုတိယထပ်(ယာ) အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ သီတာရပ်ရှင်ရုံအနီး၊ ကြည့်မြင်တိုင်မြို့နယ် ဖုန်း-၂၁၂၂၀၈နှင့် Eternity Studio ဖုန်း-၂၂၀၄၃၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ခုနှစ်၊ ဇူလိုင်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၇-၂၀၀၃)ရက်နေ့

၂၀၀၃ခုနှစ်၊ ဩဂုတ်လအတွက်

(၁၀-၈-၂၀၀၃)ရက်နေ့

နှင့်

(၃၁-၈-၂၀၀၃)ရက်နေ့

ချော့တိုင်းလည်း မပျော့နဲ့

အထက(၁၂)မန္တလေး ပထမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၂၇-၇-၂၀၀၃(တနင်္ဂနွေနေ့)တွင် အထက(၁၂)မန္တလေးမှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား အာစရိယပူဇော်ပွဲကျင်းမည်ဖြစ်ပါ၍ ၁၉၆၄-၂၀၀၂ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - အထက(၁၂)မန္တလေး၊

ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ ၁၁နာရီ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်

လိုအပ်သော စက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ရေကူးအသံလွှင့်စက်ရုံတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

Carrier Model 40 TQ 045/38 PE 045 (Indoor/Outdoor) Split System Cooling Unit.

၂။ တင်ဒါပေးသွင်းမှုကို ၃၁-၇-၂၀၀၃ရက်(၁၆:၃၀)နာရီတွင်ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန

အမှတ် ၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

ဖုန်း-၂၄၅၆၄၅၊၂၄၅၆၅၀။

ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား လားရှိုးတွင် ကျင်းပ

လားရှိုး ဇူလိုင် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စတုတ္ထအကြိမ် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက လားရှိုးမိုတယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ တွဲဖက်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရန်မျိုးအောင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုသင်တန်းကျောင်းမှ နည်းပြများ၊ သင်တန်းသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားပြီး တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ညွန့်ဝင်းမြင့်က ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ငှက်ဖျားရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာတိုးအောင်က ငှက်ဖျားရောဂါအကြောင်းကို ပညာပေးဟောပြောသည်။**(၅၃၆)**

မြို့နှင့်ကျေးလက်ဆက် မြေသားလမ်းသစ် ကလေးမြို့နယ်စည်ပင်သာယာ ဖောက်လုပ်

ကလေး ဇူလိုင် ၁၅

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကလေးမြို့ ပင်လုံရပ်ကွက်နှင့် ကြို့သုံးပင်ကျေးရွာဆက်သွယ်ဖောက်လုပ်သည့် ကျေးလက်မြေသားလမ်းသစ်ကို အဖွဲ့ပိုင်မြေတူးစက်ဖြင့် တူးဖော်မြေသားတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အကျယ် ၁၈ ပေရှိ မြေသားလမ်းအရှည် ပေ ၅၀၀၀ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ **(အပေါ်ပုံ)**

လွယ်ကူချောမွေ့

အဆိုပါ မြေသားလမ်းသစ်ကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ ဖောက်လုပ်ပြီးစီးသွားပါက ကြို့သုံးပင်ရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများအနေဖြင့် ကလေးမြို့နှင့် အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး၊ ဒေသထွက်ကုန်များ၊ သီးနှံကို မြို့ပေါ်သို့ မြန်ဆန်စွာ ပို့ဆောင်နိုင်မည်ဖြစ်၍ ကျေးလက်စီးပွားရေးနှင့် လူနေမှု အဆင့်ပါ ပိုမိုမြင့်မား ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း သိရသည်။ **(၅၅၇)**

နေပြည်တော်မြို့နယ်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင် စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၂၀ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၇၆ဦးအတွက် ပညာသင်စရိတ်ကျပ် ၁၂၇၄၀၀ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်တင်နွယ်ထွန်းက တပ်ဖွဲ့ဝင်တစ်ဦးအား ပေးအပ်စဉ်။ (၁၆၄)

ကျောင်းဆောင်သစ် ဖွင့်လှစ်လွှဲအပ်ပွဲ အင်္ဂပူမြို့နယ် ကပိုင်ကျေးရွာ၌ ကျင်းပ

အင်္ဂပူ ဇူလိုင် ၁၅

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ဥသျှင်ကုန်း ကျေးရွာအုပ်စု ညောင်ကုန်း ကျေးရွာနေ ဦးအုန်းကျော်-ဒေါ်ကြည်သန်းမိသားစုတို့က တန်ဖိုးငွေကျပ် ၁၉သိန်းကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော ကျောင်းကုန်းကျေးရွာ အုပ်စု ကပိုင်ကျေးရွာ အခြေခံမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်တွင် ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် အလှူရှင် ဒေါ်ကြည်သန်းတို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

- လွှဲအပ် -

ထို့နောက် အလှူရှင် ဦးအုန်းကျော်က ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ စာရွက်စာတမ်းများနှင့်တကွ လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဆရာကြီးဦးချစ်ဝင်းက လက်ခံရယူသည်။ (၁၉၁)

မြေတိုင်းဦးစီးဌာန အခြေခံမြေတိုင်း သင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၁၀

သစ်တောရေးရာဝန်ကြီးဌာန၊မြေတိုင်းဦးစီးဌာန အခြေခံမြေတိုင်းသင်တန်း အပတ်စဉ်(၆၁) သင်တန်းဆင်းပွဲနှင့် သင်တန်းထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက်က ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ မြေတိုင်းကျောင်းခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်တင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသော ပထမ မောင်သန်းနိုင်ထွန်း(ရန်ကုန်၊စည်ပင်)၊ ဒုတိယ မောင်အောင်အောင်ဦး(ရန်ကုန်၊စည်ပင်)နှင့်တတိယမောင်မြင့်နိုင်(ရန်ကုန်၊စည်ပင်)တို့အား ဂုဏ်ပြု ဆုတံဆိပ်များ ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းဆင်းကျောင်းသားများအား သင်တန်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်သည်။ (၄၂၁)

မြို့နယ်သတင်းများ

ကယားပြည်နယ် လွိုင်ကော်မြို့ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၂၄ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်က တပ်ရေးဗိုလ်ကြီးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်လဝက)

ပေါက်ခေါင်း ကျေးလက်တန်ဖိုးနည်းအိမ်ရာ ကွင်းဆင်းစစ်ဆေး

ပေါက်ခေါင်း ဇူလိုင် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းသည် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးတို့လိုက်ပါလျက် ဇူလိုင် ၈ ရက်က ဝက်တိုးကျေးရွာရှိ ကျေးလက်တန်ဖိုးနည်း အိမ်ရာ ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ယာပုံ)** **(၃၉၈)**

လမ်းခင်းကျောက် စုဆောင်းမှု ကွင်းဆင်းကြည့်ရှု

ကျုံပျော် ဇူလိုင် ၁၂

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် အရှည် တစ်မိုင်၊ အကျယ် ၅စ်ပေရှိ သောင်ကြီး-ဒိုက်ပျက် ကျောက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်ကြီးများ ကြိုတင်စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့ ဇူလိုင် ၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (မြို့နယ်စည်ပင်)

ပညာပေးဟောပြော

ဇူလိုင် ၈ ရက်က တိုက်ကြီးမြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ်အရ လိမ္မော်ခြံကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲနယ်မြေ ညောင်လေးပင်ကျေးရွာ မူလတန်းကျောင်း၌ ကျေးရွာလူထုအား ရန်ကုန်တိုင်း ငှက်ဖျားဆရာဝန်ကြီး ဒေါ်ခင်မွန်မွန်က ငှက်ဖျားရောဂါ ကာကွယ်ရေး ပညာပေးဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

ပင်လောင်း စည်ပင်သာယာလုပ်ငန်းများ စစ်ဆေး

ပင်လောင်း ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်သည် သက်ဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဇူလိုင် ၅ ရက်က ရောက်ရှိလာရာ ရှေးဦးစွာ အမှုဆောင်အရာရှိ ဦးကျော်စိုးက ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအမံများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးက အဖွဲ့ဝင်ငွေတိုးတက်ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့သန့်ရှင်း သပ်ရပ်သာယာလှပရေး လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လိုအပ်သည်များကိုမှာကြားသည်။ ဆက်လက်၍ နောင်တရား စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် မြို့ပြစီမံကိန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ဟာဂျီအာဒမ်တွိုက်ယဇ်-(ဒေါ်စကီနာ)-ဒေါ်ဇိုင်နက်ဘီ၊
ကျုံပျော်မြို့ (ဒေါက်တာလှမြင့်)-ဒေါ်ခင်သန်းတို့၏မြေး၊
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊အနော်ရထာလမ်း၊အမှတ်(၂၁၆)နေ
ဟာဂျီဦးတင်လှ-ဒေါ်စန်းမြင့်တို့၏သား

မောင်တင်မြင့်နီ

HIGH SCHOOL GRADUATE (D.S.Y)
Nilar Biryani, Simla Restaurant, Innwa cold drink & Confectionary, Nilar Star Paper Trading, Nilar Star International Limited နှင့်

ကသာမြို့နေ (ဦးမောင်ကြီး-ဒေါ်ခတီ)၊
ရန်ကုန်မြို့နေ ဗိုလ်ကြီးဘကြည် (ငြိမ်း)-(ဒေါ်ခင်ရီ)-ဒေါ်ကြည်တို့၏မြေး၊
စစ်ကိုင်းတိုင်း၊ ကသာမြို့၊ ရပ်ကွက်(၆)၊ တပ်မတော်လမ်းနေ
ဒေါက်တာသန်းဖေ (မြစ်ကြီးနားဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါ်နီနီဝင်း (B.Ed)
တို့၏သမီး

မမီမီသန်း Final Part II [M.B.,B.S (Mdy)]

တို့သည် ၁၉-၅-၂၀၀၃ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းတို့၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်မြင့်နီ-မမီမီသန်း။

(၁၅)နှစ်ပြည့်မင်္ဂလာဆုတောင်း

ဖေဖေ ဦးအောင်မျိုးလှိုင် **(METERING TECHNICIAN-PREMIER-OIL)** မေမေ ဒေါ်လှကလျာမြင့် (ကလျာ)တို့၏ ၂၅-၇-၂၀၀၃ရက်နေ့တွင် ကျရောက်သော (၁၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် မင်္ဂလာနှစ် (၁၀၀)တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို သားနဲ့အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေနှင့်မေမေတို့၏
တစ်ဦးတည်းသောသား
မောင်ကျော်လွင် (အထက-၁၊ ဒဂုံ)။

KMD

MCC

ICT Foundation Course

July 10% discount

Office XP Course

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပနေ (ဦးမြမောင်)-ဒေါ်သောင်းတင်တို့၏သားငယ်၊
ဦးလှမော်-ဒေါ်လှလှသန်း (ခင်စန္ဒာမော်ပုံနှိပ်လုပ်ငန်း)တို့၏ညီ/မောင်

မောင်လှမင်း(ခ)မင်းမင်း B.A (Myanmar) P.H.H (Shipping Co.,Ltd.) နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဦးမြင့်ဝေ (ကုန်သွယ်ရေး၊ ဆေး၊ ငြိမ်း)-(ဒေါ်မြတင်)တို့၏သမီးငယ်

မဝါဝါမြင့်ဝေ B.A (Myanmar)

တို့၏ ၆-၇-၂၀၀၃(တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော ဦးကြည်ထွန်း(ကျောင်းအုပ်ကြီး၊ အထက-၂၊ ဗဟန်း)၊ (ငြိမ်း)နှင့် ဇနီး ဒေါ်မေမေထွန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော သီဟသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်းနှင့် ဇနီး ဒေါ်သိန်းဝင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒေါ်ခင်မိုးဥ၊ မင်္ဂလာပန်းကြဲပေးသော မခင်စန္ဒာမော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မယဉ်မေကြည်နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမိုးသန္တာစိုး၊ သတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြသော မောင်ကျော်သူအောင်ဘနှင့် မဆုလဲ့အောင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်ဇော်ဇော်(ထီလာ)နှင့်အဖွဲ့၊ ပန်းအလှပြင် နီနီပွင့်၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကြွရောက် ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်လှမင်း-မဝါဝါမြင့်ဝေ။

(၁၀-၇-၂၀၀၃)နေ့ထုတ် ကြေးမုံသတင်းစာပါ မယဉ်ပပထွေး (ခ)ပပနှင့်မသင်းသူဇာထွေး(ခ)လီဇာတို့၏တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်(ဟသ်ာတ)၏ကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန်

(H& B Co., Ltd.) ၏ ဒါရိုက်တာဖြစ်သူ ဦးဝင်းဌေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အောင်ဂေဟာတိုက်၊ အမှတ်(၁၇)၊အခန်း၄(ဂ)နေ မယဉ်ပပထွေး(ခ)ပပ (ဘ)ဦးသက်ထွေးမှ (BMB Karaoke) စက်များမှာယူပေးရန်အတွက် ဦးဝင်းဌေးထံမှ (FEC–4500)လက်ခံရယူထားခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အမည်နှင့်မှတ်ပုံတင်အမှတ်တို့နှင့်ပတ်သက်၍လည်းကောင်း ကျွန်ုပ်တို့ထံတွင် ခိုင်လုံသောအထောက်အထားများရှိပါသည်။ စင်ကာပူနိုင်ငံ (Eastern Rays Enterprise)တွင် အလုပ်လုပ်ကိုင်နေသည်ဆိုသော ၎င်း၏အစ်မဖြစ်သူ မသင်းသလီဇာထွေး (ခ)လီဇာသည် ဦးဝင်းဌေး၏ရုံးခန်းသို့ မယဉ်ပပထွေး(ခ)ပပနှင့်အတူ လာရောက်၍ (BMB Karaoke)စက်များ မှာယူခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ပြောဆို၍ ၎င်း၏ (THIN THLIZAR HTWE) (LIZAR)အမည်ပါ လိပ်စာကတ်ပြားကို ၎င်းကိုယ်တိုင် ပေးထားခဲ့ပါသည်။

မယဉ်ပပထွေး(ခ)ပပတို့နှင့်ပတ်သက်၍ ဒဂုံမြို့နယ်ရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ၎င်းတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်သန်းတင့်မှလည်း ကွန်ပျူတာပစ္စည်းများမှာယူပေးမည်ဟုဆိုကာ လက်ခံရယူထားသည့် (FEC–5500)အား ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်းမရှိပါ။ ထို့ကြောင့် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဦးတင်ထွဋ် H.G.P.,LL.B˚(Advocate)
တရားရုံးချုပ်ရှေ့နေ(၅၇၆၀/၉၁)
၁၃၂(ပ)ထပ်၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။ ဖုန်း-၃၇၅၂၉၂။

တောင်ပြုန်းလက်ဆောင်

သုတေသီမြင့်ထွန်း

Yan Aung

အမည်ပြောင်းခြင်း

ဦးအောင်မြင့်၏သမီး အထက(၂)၊ ဒဂုံ၊ ဒသမတန်း(ဆ)မှ မမြင့်မြင့်ဝေအား ယနေ့မှစ၍ မနန်းမြင့်ဝေဟု ခေါ်ပါရန်။

မနန်းမြင့်ဝေ။

Good Talent

အင်္ဂလိပ်စကားပြောနည်းသင်တန်း

ဝါရင့်တက္ကသိုလ်ဘွဲ့ရ ဆရာမကြီးကိုယ်တိုင် သင်ကြားပေးသည်။ အမျိုးသမီးဘော်ဒါဆောင်၊ လူဦးရေအကန့်အသတ်ဖြင့် လက်ခံနေပါပြီ။ အသေးစိတ်ကို လူကိုယ်တိုင်လာရောက်စုံစမ်းပါ။

45/C (သုံးလွှာ)၊ ရေတာရှည်လမ်းသစ်၊
ယုဇန ˚Centre အနီး၊ ဗဟန်းမြို့နယ်
Ph: ˚09 50 19448

KMD Computer Centre

(၂၇) ရက်၊ ဇူလိုင်လ၊ ၂၀၀၃ ခုနှစ် (တနင်္ဂနွေနေ့)

Strand Hotel

Hotline : 245180/204071/381035
249155/243595/500624

Up to 30% Off

Super Tek Industries Co.,Ltd

Super Tek Ind.Co.,Ltd
No.74, 5th St, Lanmadaw Tsp, Yangon.

Tel: 01-539138

ဆန္ဒဒိုင်

☎ 666757



ပြိုင်ဘက်မရှိ

နိုင်ငံသားတိုင်းသင့်တင့်မျှတသော ဈေးနှုန်းဖြင့် အိုးပိုင် အိမ်ပိုင် နေထိုင်နိုင်ရမည်
ယခင်အမျိုးသားဦးပိုင်ကုမ္ပဏီလီမိတက်- (NHL) ကို အမည်ပြောင်းလိုက်သော
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု (NDCG) မှ
တာဝန်ယူတည်ဆောက်ထားသော အိမ်ရာစီမံကိန်းများ အရောင်းပြခန်း
အမှတ် (၃/က) ဝေဇယန္တာလမ်းနှင့်သံသုမာလမ်းထောင့်သုဝဏ္ဏရှိ *NDCG* ရုံး သီးသန့်ခန်းမတွင် ဖွင့်လှစ်ထားရှိပါသည်။ ☎ : *560487*

❒ N.D.C.G အရောင်းပြခန်း၏ ... (၂၆-၇-၀၃) မှ (၁)နာရီတွင် ... အမျိုးသားစာတိုက်ရုံးတွင် ...
(ထိုနေ့တွင် အထူးအရောင်းပွဲတော်အဖြစ် (၁၂၀၀ မှ ၁၆၀၀) နာရီအထိ အမျိုးသားစာတိုက်ရုံး (ယာယီ အရောင်းပြခန်း)တွင် ရောင်းချပါမည်။
လျှောက်လွှာ (၁)စောင် အားမစ်ကြေး (၁)သိန်းဖြင့် လျှောက်ထားဝယ်ယူနိုင်ပါသည်။)
အရောင်းယာဝင်များ ၁၀% သက်သာပါမည်။

ဓာတ်ပုံဆိုးစရာ ...

ဘုရင်မ

ဒီဂျစ်တယ် ဓာတ်ပုံစတူဒီယို

အစဉ်အလာကောင်းသော **ဘုရင်မ** ဓာတ်ပုံတိုက်၏ **ယုဇနပလာဇာဆိုင်ခွဲ** ဖွင့်လှစ်ခြင်းကို
ဓာတ်ပုံရိုက်ကူးရေးဆိုင်ရာအထူးအစီအစဉ်များစွာနှင့်အတူမင်္ဂလာဆောင်မယ်များအတွက်မင်္ဂလာဝတ်စုံသရုပ်ပြပွဲများကို
ယုဇနပလာဇာ(ပထမထပ်) တွင်
၂၀၀၃ ဇူလိုင် ၂၆ နှင့် ၂၇ (စနေ-တနင်္ဂနွေ) နှစ်ရက်တိုင်တိုင် ကျင်းပမည် ဖြစ်ပါသဖြင့်
စိတ်ဝင်စားသူတိုင်းကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ထမ်းရေသရုပ်ပြပွဲများ၊ မင်္ဂလာဝတ်စုံသရုပ်ပြပွဲများ၊
ဓာတ်ပုံဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အထူးနှုန်းထားဖြင့်ဓာတ်ပုံရိုက်ကူးပေးခြင်းတို့ အပြင်မိုးရာသီအထူးလက်ဆောင်များပါဝင်ပါသည်။
မင်္ဂလာဝတ်စုံများကိုကြားရှမ်းရန်အတွက် Booking လုပ်ထားနိုင်ပါသည်။

RUBY Car Rental
725317, 650823

ကားလဲလိုသည်
Publica 81, (၁ /-)နှင့် အိမ်စီးကားသန့် (Corolla/Corona) Saloon အလိုက်ပေး၍ လဲလိုသည်။ (ပိုင်ရှင်ကိုယ်တိုင်)
ဖုန်း-၀၉၈၀-၂၂၆၃၁။

Best
အမျိုးသမီး ကိုယ်ကာယသင်တန်း
၂၁၁၊ ၃လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊
အာရှနေဘဏ်အနီး၊
ဖုန်း-၂၄၀၆၀၆၊ ၂၅၃၅၂၀
တစ်ဦးလျှင် ကျပ် ၃၀၀၀။

ရန်ကုန်ပညာရေးတက္ကသိုလ် စာမေးပွဲအထောက်အကူပြု
တက္ကသိုလ်ဝင်တန်း
၂၀၀၃-ခုနှစ် အင်္ဂလိပ်စာမေးခွန်းနှင့်စံပြအဖြေများ
၂၀၀၃-ခုနှစ် ဓာတုဗေဒမေးခွန်းနှင့်စံပြအဖြေများ
၂၀၀၃-ခုနှစ် ရူပဗေဒမေးခွန်းနှင့်စံပြအဖြေများ

မိုးရာသီအကြီးစျေးရောင်းပွဲတော်

(၁၅.၇.၂၀၀၃ မှ ၃၀.၇.၂၀၀၃)အတွင်း

ယုဇနတောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ

(လူတိုင်း၊ လူတိုင်း၊ တိုက်ခန်းနှင့် ခြံနှင့် နေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
- လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE ၊ ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့်အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀%အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

တိုက်ခန်းတန်ဖိုး အနည်းဆုံး (၂၂)သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်) တတိယထပ်၊ အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(၁) Sale Promoter
(၂) Assistant Customer Relation Officer

Email: integra@myanmar.com.mm Phone : 01-703839, 703625, 557638

အရှေ့တိုင်းဘာသာစကား နှင့်စီးပွားရေးစင်တာ

(HSK)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁/၆၁၀၃ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ဝင်း မှတ်ပုံတင်အမှတ် [KGN- ၀၀၉၂၂၇]က မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊ နည်းဥပဒေ –၆၆)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ် –၆၅

ဦးလှစိုးလွင် နှင့် **ဦးစောလှိုင်ပါ(၉)ဦး**

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၆ခုနှစ် တရားမကြီးမှုအမှတ်–၂၁၆တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးလှ၊ ဒေါ်ရွှေဆင်(ခ)ဒေါ်ဆင့်တို့၏ ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင်ပါရှိသော ပစ္စည်းများ၏ ၂၄ပုံ၄ပုံ ၄/၂၄ ကို တရားနိုင်က ရယူရန်အတွက် ၂၀၀၃ခုနှစ် ဩဂုတ်လ၂၇ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က တရားနိုင်တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့မဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံဆွဲတက်ရာတွင် မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့်စပ်လျဉ်း၍လည်းကောင်း တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန်အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ်–၂၁၊ နည်းဥပဒေ–၆၉ပါပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူ အရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်ယူသူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ငွေတစ်ရာကျပ်လျှင် နှစ်ဆယ့်ငါးကျပ်ကို တစ်ပြိုင်နက်ပေးသွင်းရမည်။ ယင်းသို့ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ ဆွဲဝယ်သည့်ငွေအားလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကိုရောင်းပြီး နောက်(၁၅)ရက်မြောက်နေ့ရုံးမဆင်းမီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်တိုက်နယ်၊ ကြေးတိုင်အမှတ်–၂၉၊ ရပ်ကွက်အမှတ် ၂၈စီ–၁၊ မြေကွက်အမှတ်–၄၈၊ ဧရိယာ(၀.၁၁၀၂၉)ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၆၃)ဟုခေါ်တွင်သောအိမ်။ (တရားရှုံးများနေထိုင်သည်။)
ကြမ်းခင်းဈေး ကျပ်သိန်း(၃၅၀)။

အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်
Must, All Adults, Be Able to Drive

ELITE ENGINEERING GROUP
(PLC)
No. 51, G.F, 38 Street, Kyauktada ,Yangon. Tel : 01-242216

City Mart Supermarket

OD Tour အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

၁။ တောင်ပြုန်း၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မန္တလေး Aug 6(၄ ည ၅ရက်)
၂။ ပုဂံ၊ ပုပ္ပား၊ မကွေး၊ မင်းဘူး Aug 7(၄ ည ၅ရက်)
ရဲသူအောင် တောင်ကြီး၊ ပုဂံ၊ ညောင်ဦး
တိုး မန္တလေး ကားလက်မှတ်များရပြီ။
No-52 ကျွန်းတောလမ်း၊ စမ်းချောင်း၊ 504808,537672

Japan Style

1100sqft 1A/C;Furnished Ph;
60'x80' 2A/C;Ph;
70'x90' 3A/C;Ph;
70'x90' 6A/C;Ph;
221184,211842,09-99-27457

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌနှင့် နာယကဟောင်း ဦးမောင်မောင်ညွှန့် အသက်(၈၅)နှစ်သည် ၂၂–၇–၂၀၀၃ နေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း။

ကိုအောင်ကျော်ဇင်
အသက်(၃၀)
B.Sc (Chemistry)
(ဘုရားကြီးမြို့)

ပဲခူးတိုင်း၊ ဘုရားကြီးမြို့နေ ဦးလှရွှေ၊ ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နေ ဒေါ်ကျင်မြိုင်တို့၏ မြေး၊ဘုရားကြီးမြို့နေ ဦးကြီးလှိုင်–ဒေါ်ကောက်ပို့တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့၊ အမှတ်(၇၀၃)၊ သုမိတ္တာ(၁၈)လမ်း (၁)ရပ်ကွက်နေ ဦးလှဟန်(လ/ထပညာရေးမှူး၊ မ/ဥက္ကလာ)–ဒေါ်စန်းစန်းမြင့်တို့၏ သား၊ ဦးမြသန်း–ဒေါ်သိန်းသိန်းမာ၊ ဦးတင်ဝင်း–ဒေါ်နွဲ့နွဲ့ရီ၊ ဦးအေးကျော်–ဒေါ်တင်ရွှေ၊ဦးမြင့်ဌေး–ဒေါ်လှလှနွယ်၊ဦးမောင်ဇော်–ဒေါ်ခင်မြတ်ထွေးတို့၏ တူ၊ ကိုရန်လင်းအောင်–မအေးအေးမော်(မူလတန်းပြ၊ အမက–၂၊ မ/ဥက္ကလာ)၊ မတင်နီလာဟန်တို့၏ အစ်ကို၊ မမေမြတ်နိုးအောင်၏ ဦးလေး၊ မသင်းသင်းလှိုင်၏ ခင်ပွန်း၊ မခိုင်ကြည်ဖြူဇင်၏ ဖခင်သည် ၂၀–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၇–၂၀၀၃ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခွေး(ကာကွယ်ဆေးထိုးပြီး)

German Imported (Cxidize)နှင့် Thai Importedတို့မှ ပေါက်သောအယ်လ်ဖေးရှင်း သားခွဲများနှင့် သန်မာထွားကျိုင်းသော မျိုးသန့်ဒိုဘာမင် ညို၊ ပြာ၊ နက် သားခွဲများရောင်းရန် ရှိသည်။

အမှတ်(၁၁၈၄)၊ ရှုခင်းသာမြို့ပတ်လမ်း၊(၆)အရှေ့ရပ်ကွက်၊ သာကေတ၊ ဖုန်း–၅၄၄၂၅၉။

ဒေါ်နီနီ(ခ)ဒေါ်မြတ်သွယ်
(ခ) ရိုစီညွှန့်
အသက်(၆၈)နှစ်
မော်လမြိုင်ကျွန်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၅၈/B)နေ (ဦးမောင်ညွှန့်)–ဒေါ်ကျင်မြိုင်တို့၏သမီး၊ (ဦးမြတ်သိန်း)–ဒေါ်ကျင်ညွှန့်၊ ဦးကြူတင်–(ဒေါ်ရှုလွမ်)၊ ဦးကြင်မောင်–ဒေါ်စန်းလှ၊ ဦးအောင်ဌေး–ဒေါ်ခင်စန်းတို့၏ ညီမ၊ ဦးမြသိန်း–ဒေါ်စန်းရင်၊ ဦးကြင်ဦး–ဒေါ်ခင်စိုးပိုင်တို့၏ အစ်မ၊ တူ၊ တူမ၂၄ယောက်တို့၏ အဒေါ်သည် ၂၂–၇–၂၀၀၃ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစောထွန်း(နီတာ)
စိန်မိုက်ကယ်ကျောင်းသားဟောင်း
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးထွန်း–(ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ (ဦးမျိုးခင်)–ဒေါ်ခင်စိန်တို့၏ သားသမက်၊ လှိုင်သာယာမြို့နယ် FMI ဥယျာဉ်မြို့တော် တိုက်အမှတ် (ဂျေ/၃၂)နေ ဒေါ်ကြည်ကြည်ခင်၏ ခင်ပွန်း၊ မခင်သဇင်ထွန်း–မောင်အောင်အောင်၊ မောင်ဟန်လင်းထွန်း (အထက–၄၊ အလုံ)တို့၏ ဖခင်၊ ဒေါ်ချိုချိုထွန်း၊ ဦးဘိုဘိုထွန်း၊ ဒေါ်သီတာထွန်းတို့၏ အစ်ကိုကြီးသည် ၂၂–၇–၂၀၀၃ ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။



ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းဒါယိကာမကြီး

ဒေါ်သက်ပု
အသက်(၉၀)
(ကွမ်းခြံကုန်း)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်ကွက်၊ အေးချမ်းအောင်ဆန်စက်နေ (ဦးလှမောင်)၏ဇနီး၊ ဦးမြမောင်-ဒေါ်မြအေး၊ ဦးမောင်မောင်ကြီး(ဒေါ်တင်လှ)-ဇဝနဆန်စက်၊ဦးသန်းတင့်-ဒေါ်မြရီ၊စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေးတို့၏မိခင်၊ မြေး၁၂ယောက်၊ မြစ်၁၆ယောက်တို့၏အဘွားသည် ၂၄-၇-၂၀၀၃ရက် ညနေ၆း၄၅နာရီတွင် ကွမ်းခြံကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၀၃ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင် ကွမ်းခြံကုန်းမြို့နေအိမ်မှ ကွမ်းခြံကုန်းမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေးတို့၏ မိခင် ဒေါ်သက်ပု အသက်(၉၀)သည် ၂၄-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး
ဦးတင်ထွန်းနှင့်ဇနီး ဒေါ်သိန်းသိန်းမြင့်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေးတို့၏ မိခင် ဒေါ်သက်ပု အသက်(၉၀)သည် ၂၄-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေးတို့၏ မိခင် ဒေါ်သက်ပု အသက်(၉၀)သည် ၂၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စွမ်းအင်စီမံရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေးတို့၏ မိခင် ဒေါ်သက်ပု အသက်(၉၀)သည် ၂၄-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး
ဦးစန်းလွင်နှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ။

ဒေါ်ခင်ခင် (၇၈)နှစ်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၃၉)၊ ဇီဇဝါလမ်းနေ (ဦးအောင်ငြိမ်း)၏ ဇနီး၊ ဒေါ်သန်းသန်းငြိမ်း၊ ဦးဘသိန်း၊ ဒေါ်လှလှငြိမ်း၊ ဦးမျိုးညွန့်-ဒေါ်သင်းသင်းမြိုင်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စန်းကြည်(ခ)ဒေါ်ယုံ
အသက်(၇၂)နှစ်
(စမ်းချောင်း)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ အမှတ်(၁၅)နေ (ဦးထွန်းရ-ဒေါ်စိမ်းနု) တို့၏သမီး၊ ဦးလှငြိမ်း၏ဇနီး၊(ဦးအောင်ကျော်မြင့်) ဒေါ်စမ်းစမ်းဦး၊ ဦးအောင်ကြည်၊ဒေါ်ခင်ကြည်၊ ဦးကံလှိုင်-ဒေါ်ချိုမာ၊ဦးနေဝင်း-မရည်ရည်ပြုံး၊ ဦးဝင်းအောင်နိုင်-ဒေါ်သန်းသန်းဆင့်၊ ဒေါ်တင်တင်အုံး၊ (ကိုစိန်မြင့်) မကေသီတို့၏ အဒေါ်၊မောင်ထွန်းထွန်း-မခိုင်မာခင်တို့၏ မွေးသမိခင် မယုဇနထွန်း(ခ)ဝိုင်းချစ်တို့၏ အဘွား၊ မြေး၁၃ယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းဝင်းသိန်း(၆၅)နှစ်
M.A Geography
အငြိမ်းစားပါမောက္ခ
ပထဝီဝင်ဌာန၊ မုံရွာတက္ကသိုလ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ အမှတ်-(၂၉/အေ)၊ ပဒုမ္မာလမ်းနေ (ဦးအောင်သိန်း-ဒေါ်တင်)တို့၏ တစ်ဦးတည်းသော သမီးဒေါ်ဝင်းဝင်းသိန်းသည် ၂၄-၇-၂၀၀၃ရက် တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်လွင် (၄၆)နှစ်
ဝိဇ္ဇာတွဲ(မြန်မာစာ)၊အိမ်တွင်းမှု(ဒီပလိုမာ)
(ဂန့်ဂေါမြို့)

ဂန့်ဂေါမြို့၊ မြို့မရပ်၊မေတ္တာလမ်းနေ ဦးအောင်ချစ်-ဒေါ်နုနုတို့၏သမီးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၇၂)မင်းလမ်းနေ ဗိုလ်ကြီးနိုင်ထွေး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မအိခိုင်ထွေး(ခ)ပိုးပိုး၊ (ပထမနှစ်၊ သတ္တဗေဒ၊ ဒဂုံတက္ကသိုလ်)၏ ချစ်လှစွာသော မိခင်၊ ဦးဝေဇင်အောင်-ဒေါ်ခင်နွဲ့ဝင်း၊ ဦးမြင့်စိုးအောင်-ဒေါ်စန်းစန်းအေး၊ ဒေါ်တင်တင့်မွန်-ဦးကျော်တင့်၊ဒေါ်သင်းသင်းအေး-ဦးဝင်းမြင့်မောင်၊ဒေါ်မင်းမင်းထွေး-ဦးသိန်းလင်းနိုင်တို့၏ချစ်လှစွာသော အစ်မကြီးသည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၇-၇-၂၀၀၃(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ညွန့်(၈၆)နှစ်

ပဲခူးတိုင်း၊ကဝမြို့နယ်၊ဘက္ကာရွာနေ (ဦးဘိုးဇံ-ဒေါ်ညိမ်းဦး)တို့၏ သား၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေလမ်း(၂၀) အရှေ့၊ အမှတ်(၂၉)နေ ဒေါ်ရိန်၏ ခင်ပွန်း၊ (ဦးသာရ-ဒေါ်အုန်းရင်)၊ ဦးမောင်လွင်-(ဒေါ်ကြည်)၊ (ဦးသောင်းဖေ-ဒေါ်သေးသေး) တို့၏ ညီမောင်၊ ဦးစိုးမြင့်-Dr. ဒေါ်စိုးရီ၊ဦးစိုးလွင်-ဒေါ်မြင့်အေး (မြို့နယ်ဦးစီးမှူးဒဂုံမြောက် (ပြန်ဆက်ရေး)တို့၏ မွေးသဖခင်၊မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၄-၇-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၀နာရီတွင်ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်လွမ်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ်(၂) မြေနီလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးဘဝါ-ဒေါ်ကျင်မွေး)တို့၏သမီး၊ ဦးဟန်ခင်-ဒေါ်အုန်းကြူ၊ ဒေါ်အတင်တို့၏ အစ်မကြီး၊ ဦးစိန်ကျော်- ဒေါက်တာစုစုဟန်ခင်တို့၏ကြီးကြီး၊ မသိမ့်သိမ့်စုစိန်၏ဘွားဘွားကြီးသည်၂၄-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ (စနေနေ့)မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ပို့ဆောင်မည့်ကားများ နံနက် ၁၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးခင်မောင်အေး
အသက်(၄၀)
AB- MTM Shipping
CDC No-25518

ရန်ကုန်မြို့နေ (ဦးခင်ငြိမ်း)-ဒေါ်ခင်ချစ်၊ မန္တလေးမြို့နေ (ဦးထွန်းအေး-ဒေါ်အေးခင်)တို့၏ မြေး၊ ရန်ကုန်မြို့၊ တိုက်(၂၈၃)၊ အခန်း(၁၀)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းရီ-မန္တလေးတိုင်းရဲမှူး)-ဒေါ်မေရီငြိမ်းတို့၏ ချစ်လှစွာသောသား၊ ဦးခင်မောင်ကြည်၊ ဦးအောင်မြင့်စိန်-ဒေါ်ခင်နွယ်ရီ၊ ဦးဘကြည်-ဒေါ်မြမြအေး၊ ဦးမေအောင်ဦး-ဒေါ်တင်တင်ရီတို့၏ ချစ်လှစွာသောညီ/မောင်၊ ဦးသိန်းလွင်-ဒေါ်လှလှရီ၊ ဒေါ်နှင်းဆီ၊ ဦးခင်ဇော်-ဒေါ်စပယ်၊ ဦးအောင်ဝင်း-ဒေါ်ခင်မာမာထွေး၊ ဦးအောင်မျိုးထွန်းတို့၏ချစ်လှစွာသော ကျေးဇူးရှင်အစ်ကို၊ မောင်အောင်ဘုန်းဝင်း - မဖြူဝင်းသက်၊ မောင်အောင်ဘိုဘို၊ မောင်မျိုးမင်းဇော်-မယုနန္ဒာအောင်၊ မစုစုနန္ဒာအောင်၊ မောင်သူရအောင်၊မောင်စိုးသီဟထွန်း၊မစုနှင်းဝေ၊ မသီရိသိန်းလွင်၊ မနှင်းအဥ္ဇလီ၊ မောင်ကြည်ဝသန်၊ မောင်ကျော်ဇင်စိုးတို့၏ ကျေးဇူးရှင်ဦးလေးသည် ၂၄-၇-၂၀၀၃ ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍၂၅-၇-၂၀၀၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြမောင်(၉၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက် အထက်မန္တလေးလမ်းသွယ်(၁)လမ်း၊အမှတ်(၁၇)နေ (ဦးဘိုးဇံ-ဒေါ်မြစ်)တို့၏ သား၊ (ဒေါ်တင်) ၏ ခင်ပွန်း၊ (ဦးတင်ထွေး-ဒေါ်သန်းရင်)၊ (ဦးလှကြိုင်-ဒေါ်ယဉ်နု)၊ ဦးမင်းနိုင်-ဒေါ်စီစီထွန်းတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၂၅-၇-၂၀၀၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးရွှေတင်အောင်(၆၇)နှစ်
(တောင်ကုတ်)

တောင်ကုတ်မြို့၊ သံတွဲလမ်းခွနေ (ဦးရွှေဖြူဦး-ဒေါ်အေးတင့်)တို့၏ သား၊ ဒေါ်ခင်မော်(အမက-၁၃၊ အင်းစိန်)၏ အစ်ကို၊ မောင်မြင့်ရွှေ(မြန်မာ့စီးပွားရေးဘဏ်၊ သံတွဲ)-မစန်းစန်းအေး(စက်မှုကျောင်း၊ သံတွဲ)၊ မပြုံးပြုံး(ရွှေရွက်လှအထည်ချုပ်)၊ မောင်မြင့်လွင်၊ မမိထူး၊ ကိုမျိုးမြင့်-မချိုချိုမြင့်တို့၏မွေးသဖခင်၊ ဒေါ်ငွေဖြူ၏ချစ်လှစွာသော ခင်ပွန်း၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၂-၇-၂၀၀၃ရက်တွင် အမှတ်(၅၁၁)၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းနေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအုံးမောင် (၅၉)နှစ်
(Donalda @ Sunny)
လ/ထ ညွှန်ကြားရေးမှူး
သုတေသန(ရေချို)နှင့်
မိကျောင်းမွေးမြူရေးစခန်း
ငါးလုပ်ငန်းဦးစီးဌာန

ရန်ကုန်မြို့၊ အမှတ်(၅)၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ခုနစ်မိုင်နေ(ဒုတိယဗိုလ်မှူးကြီးမင်းဆွေ-ငြိမ်း၊ ရေ)-ဒေါ်မြသွေးတို့၏ သား၊ ဦးသိန်းရီ(မော်ကွန်းဝင်ပထမဆင့်)-(ဒေါ်ခင်အုန်းရီ) တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဒေါ်အေးအေးသန်း(June)၊ (ဒေါ်ဝင်းဝင်းကြည်)(Stella)၊ ဒေါ်လှလှငွေ (Dorine)တို့၏ အစ်ကို၊ မောင်အေးခန့်မောင်(KMD Co., Ltd)၊ မောင်ကျော်ခန့်မောင် (Shell Energetic Co., Ltd.)၊ မသန္တာနှင်းအေး (2nd BM)တို့၏ မွေးသဖခင်သည် ၂၂-၇-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်နန်းတင်မြင့် (၅၆)နှစ်
B.Sc (Chemistry) Diploma in Nursing (1969-1972)
သူနာပြုဆရာမ(ငြိမ်း) Y.G.H
(ဘားအံ)

ဘားအံမြို့နေ (ဦးစောဘသန်း-ဒေါ်ဒွေးလှ)တို့၏ သမီး၊ မန္တလေးမြို့၊ ချမ်းမြေ့သာဇံရပ်နေ ဦးဇော်ငွေး-ဒေါ်ခင်စိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၅၂၆)၊ အဝေရာလမ်းသစ်၊ အင်းစိန်မြို့နယ်နေ ဦးတင်မောင်သန်း (လက်ထောက်အင်ဂျင်နီယာ၊ မြို့ပြ၊ လမ်းအထူးအဖွဲ့-၁၆၊အောက်ပုဇွန်တောင်)၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်မျိုး-ဒေါ်ခင်ရီ၊ ဦးလှသန်း-ဒေါ်လေးတင်တို့၏ ညီမ၊ ဦးခွန်မြင့်သန်း - ဒေါ်အေးအေးသန်း၊ ဦးအေးမောင် - ဒေါ်နန်းခင်ဌေးမြင့်၊ ဒေါ်နန်းစမ်းစမ်းထွေးတို့၏ အစ်မ၊ ခွန်အောင်ခမ်း၊ နန်းလန်းခမ်းစည်၊ နန်းမေစုစံတို့၏ မွေးသမိခင် ဒေါ်နန်းတင်မြင့်သည် ၂၂-၇-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၀၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှဝင်း (၅၅)နှစ်
လ/ထအင်ဂျင်နီယာ(မြို့ပြ)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(ဂန့်ဂေါ)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟဲယားရွာမ(အင်းလေး)နေ (ဦးမောင်-ဒေါ်အေးဆွယ်)တို့၏ သား၊ ဦးသန်းဝင်း-ဒေါ်လှလှဝင်းနှင့် ဦးစံဝင်း-ဒေါ်အေးတို့၏ ညီ/မောင်၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်နေ (ဦးကာကား-ဒေါ်စိန်ရှု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ (၂၉)ရပ်ကွက်၊ အမှတ်(၄၀၅)၊ အောင်မေတ္တာလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးညီခင်(လ/ထအင်ဂျင်နီယာ၊ငြိမ်း)-(ဒေါ်ခင်ညို)တို့၏ ညီ/မောင်၊ ဒေါ်ခင်အေးမြင့်၏ ခင်ပွန်း၊ မတင်ဌေးဝင်း၊ မောင်မိုးမင်းဝင်း၊ ဒုတိယဗိုလ်ဖြိုးခိုင်ဝင်းတို့၏ ဖခင်၊ ဦးလှဝင်း(လ/ထအင်ဂျင်နီယာ၊ မြို့ပြ) [ရန်ကုန်-စစ်တွေလမ်း၊ အပိုင်း(၂)၊ ယောချောင်း-မြောင်းဘွေးအပိုင်း]သည် ၂၂-၇-၂၀၀၃ရက်တွင် UHCဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြောက်နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးညီ(ခ)ဦးအညီး(၉၆)နှစ်
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နာယက

မြောင်းမြမြို့နေ (ဦးစံကြိုင်-ဒေါ်ယဉ်)တို့၏ဒုတိယသား၊ ရန်ကုန်မြို့ ရေကျော်ရပ်ကွက်၊ အမှတ်(၁၀)နှင်းပန်းလမ်းနေ (ဒေါ်ချူးယဉ်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ညွန့်ကြည်)၊ ဒေါက်တာဦးတင်ဖေ - ဒေါ်မာမာဇင် (ခေတ္တ-USA)၊ ဒေါ်ညွန့်မေ(ကျောင်းအုပ် ဆရာမကြီး-ထ(၁)ခရမ်း(ငြိမ်း)-ဒေါက်တာဝင်းထင်၊ ဒေါ်ညွန့်ယုံ-ဒေါက်တာ ဦးခင်မောင် (ခေတ္တ-Hongkong)၊ ဦးလှဖေ(အတွင်းရေးမှူး-မြောင်းမြမြို့နယ်အသင်း)-ဒေါ်နုနုစိန် (ရဲလင်းအောင်ဆေးခန်း)၊ ဒေါက်တာ ဒေါ်ညွန့်တင်(အောင်ဖေအထူးကု ဆေးခန်း)-(ဦးမြင့်ဆွေ)၊ ဒေါက်တာ ဦးအေးဖေ-ဒေါ်သန်းသန်းမြင့်(ခေတ္တ-Jamaica)၊ ဒေါက်တာဒေါ်တင်တင်ညီ (Consultant OG) (ရမည်းသင်းပြည်သူ့ဆေးရုံ) - ဒေါက်တာဦးဖြိုးဝေအောင် (သာယာဝတီ)၊ ဒေါ်ခင်ခင်ညီ(အထက်တန်းပြ)(အထက-၁၊ ပန်းဘဲတန်း (ငြိမ်း)-ဦးဝေဝေ (Golden Express Tours Co. Ltd.) တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေး၂၇ယောက်၊ မြစ်လေးယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၂၃-၇-၂၀၀၃တွင် အောင်ဖေအထူးကုဆေးခန်း၌ ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။(သင်္ဂြိုဟ်မည့်အချိန်နှင့်ရက်ကိုကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

မင်းကွန်းဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်
ဘုရား၊ကျောင်း၊သိမ်၊ရေစက်၊ရေစင်၊
လမ်း၊ ရဟန်းအမကြီး
ဒေါ်ညို (၉၇)နှစ်
(ဖျာပုံ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၅၀)နေ (ဦးထွန်းဝင်း-ဒေါ်သဲညွန့်)တို့၏ သမီး၊ (ဦးကျိုးကျန်)တို့၏ ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်နေ (ဦးကောက်)-ဒေါ်ခင်မေ၊ ဦးစံကွန့်-ဒေါ်တင်ညိမ်း၊ (ဦးရွှေ-ဒေါ်တင်ကြည်)၊ ဦးချစ်ခိုင်-(ဒေါ်ခင်စိန်)၊ ဦးစံခိုင်-(ဒေါ်ငြိမ်း)၊ ဦးသိန်း-ဒေါ်ဝင်းကြည်၊ (ဦးလှရွှေ)-ဒေါ်လှတို့၏ မိခင်ကြီး၊ မြေး ၃၆ယောက်၊ မြစ် ၇၀ယောက်၊ တီငါးယောက်တို့၏ ဘွားအေကြီးသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့် (၈၁)နှစ်
(မာန်အောင်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ်(၄၀)၊ (ဒီ-၄)နေ (ဦးဖိုးစော-ဒေါ်စောဖြူ)တို့၏ သား၊ (ဒေါ်သိန်းနု)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးခင်မောင်တိုး (စီမံကိန်းအင်ဂျင်နီယာ၊ အရှေ့ဦးဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်မြင့်မြင့်သိန်း(အထက-၂၊ လသာ၊ ငြိမ်း)၊ဒေါ်မြင့်မြင့်ရီ(အလပြ၊ အလက-၃၊ လှိုင်)၊ ဦး Franky Foster(ခေတ္တ-Australia)-ဒေါ်မြင့်မြင့်မူ(အမက-၈၊ အင်းစိန်၊ ငြိမ်း)၊ ဦးတင်မောင်ဟန် - ဒေါ်မြင့်မြင့်အောင် (Music World)၊ ဦးခင်အောင်မြင့်-ဒေါ်ကေသီခင်အေးဟန်၊ ဦးနောင်နောင် (S.F)-ဒေါ်မြင့်မြင့်နိုင်၊ ကိုအောင်သူရိန်မြင့်(ခေတ္တ-ကနေဒါ)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဝေယံမင်းဟန်၊ ကျော်စွာမြတ်ဖုန်း၊ အိဗစ်ဒါ၊ သုရဟန်ဇော်၊ လိုတရနောင်နောင်၊ မြတ်သဲနုနောင်နောင်၊ကောင်းဆက်ဟန်ဇော်တို့၏ အဘိုးသည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက် ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးသိန်းလွင်(၆၄)နှစ်
(လဝက-ငြိမ်း) (ကဝမြို့)

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိ(၁)လမ်း၊ အမှတ်(၁၂၀)နေ ဒေါ်ခင်လှ၏မြေး၊ ကဝမြို့(ဦးဖိုးငို-ဒေါ်ချစ်တင်) တို့၏သား၊ (ဦးသန်း)-ဒေါ်တင်အေးတို့၏ သားသမက်၊ ဦးဉာဏ်ဝင်း-ဒေါ်သန်းနွဲ့တို့၏ ညီမောင်၊ ဒေါ်မင်းမင်းစိုး၊ ကိုဇော်မင်း-မအေးမာ၊ ကိုသန်းနိုင်-မဥမ္မာလွင်၊ မဖေယျာလွင်၊ ကိုအောင်ဇော်လွင်၊ ကိုဇော်ဝင်းနိုင်-မချောအိသိန်း (အလပြ၊ လှည်းကူး) တို့၏မွေးသဖခင်၊ ဒေါ်ခင်စန်းဝင်း၊ ဦးအောင်သန်း-ဒေါ်နီနီတို့၏အစ်ကို၊ ဦးရေချမ်း-ဒေါ်နွယ်နီဦး (လားရှိုးမြို့)၊ ဒုဗိုလ်မှူးကြီးအောင်စိုးဝင်း-ဒေါ်စုစုဝင်း၊ ဗိုလ်မှူးလှဦး-ဒေါ်မြမြဝင်း၊ ဗိုလ်မှူးမင်းလွင်-ဒေါ်မြမြသင်၊ ဦးငြိမ်းချမ်း-ဒေါ်ကြူကြူလွင်(မန္တလေး)၊ ဒေါက်တာမြတ်နိုင်-ဒေါ်ဆွေဆွေဝင်းတို့၏ ချစ်လှစွာသောဦးလေး၊ ဒေါ်ခင်သန်းမြင့်(အလက-၁၁၊အင်းစိန်)၏ ချစ်လှစွာသောခင်ပွန်း၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃(စနေနေ့)နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ(၉၃)နှစ်
ကျိုက်ထိုမြို့နယ်အသင်း
ရာသက်ပန်အသင်းဝင်
(ကျိုက်ထို)

ကျိုက်ထိုမြို့၊ ရှမ်းစုရပ်နေ (ဦးမောင်မောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးထွန်းရင်၊ ရုံးအုပ်၊ အလကရုံးချုပ်၊ ငြိမ်း)၏ ဇနီး၊ (ဗိုလ်ကြီးတင်ညွန့်၊ ငြိမ်း)-ဒေါ်နုရီ၊ (ဦးအုန်းကြိုင်)-ဒေါ်ရင်ကြည်၊ (ဦးဝင်းကြည်)-ဒေါ်ညွန့်ကြည်တို့၏ အစ်မ၊ ပါမောက္ခ ဒေါက်တာဦးကျော်ဝင်း (ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ငြိမ်း၊ မန္တလေး)-ဒေါ်ခင်ခင်ဝေ၊ (ဗိုလ်ကြီးအုန်းသန်း၊ ငြိမ်း)-ဒေါ်မီမီစိန်၊ (ပါမောက္ခဦးကြည်မောင်၊ မိတ္တီလာ-ဒေါ်ဒေါ်လီဝင်း)၊ ပါမောက္ခဦးငွေစိုး (ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်) - ဒေါ်ထွေးရီ၊ ဦးဝေဖြိုး (ညွှန်ကြားရေးမှူးဆည်မြောင်း၊ တောင်ကြီး)-ဒေါ်သင်းသင်း၊ ဦးဘုန်းမြင့် (ဦးစီးမှူး၊ သမဦးစီး၊ ဒေါပုံရုံးချုပ်)-ဒေါ်ခင်ခင်ဝင်း၊ ဦးကျော်ကျော်ဝင်း (အလပြ၊ အထက-၃၊ သာကေတ)-ဒေါ်အေးအေးခိုင်၊ ဦးကျော်စိန်ဝင်း-ဒေါ်စန်းစန်းထွန်းတို့၏ မိခင်ကြီး၊ မြေး ၂၁ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၀၃ရက်တွင် အမှတ်(၂၇)၊ ဗိုလ်ဥက္ကမလမ်း၊ ဘော၇ ရပ်ကွက်၊ ကြည့်မြင်တိုင်နေအိမ်၌ ကွယ်လွန်ပါ၍ ၂၁-၇-၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၂၇-၇-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးညို(၈၇)နှစ်
မင်းတစု(ပန်းတနော်)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဒုသင်းကုန်းအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၁၀၂၊ နေ(ဦးဘိုးသစ်-ဒေါ်သက်စု)တို့၏သား၊ ဒေါ်စောသင်၏ခင်ပွန်း၊ ဦးရဲမြင့်-ဒေါ်ခင်မြင့်၊ (ဦးနေဝင်း)၊ ဦးကြည်ဝင်း-ဒေါ်သန်းသန်းနု၊ ဦးအေးထွန်း(ရန်ကုန်တက္ကသိုလ်) - ဒေါ်ကြည်ကြည်ဝင်း (ပထဝီဝင်ဌာန)၊ ဦးဝင်းမြင့်-ဒေါ်ခင်စောလှ(စိုက်/မွေး)၊ ဦးဝင်းမြင့်- ဒေါ်မြင့်မြင့်မော်(စိုက်/မွေး)တို့၏ဖခင်၊ မောင်အောင်ရဲမြင့်၊ မောင်ကျော်ရဲမြင့်၊ မောင်အောင်သူရိန်၊ မကေခိုင်လင်း၊ မောင်နိုင်လင်းထွဋ်၊ မောင်သက်ပိုင်စိုး၊ မောင်ဖြိုးဝေဦး၊ မောင်ညီမင်းသော်တို့၏အဘိုးသည် ၂၄-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

မာန်အောင်မြို့နယ်အသင်း
ဦးကျော်မြင့် (၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်(၄၀)၊ အခန်း(ဒီ-၄)နေ (ဒေါ်သိန်းနု)၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် ဦးကျော်မြင့်သည် ၂၃-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ/အသင်းသားများ ပို့ဆောင်ကြပါရန်။ (အသင်းမှကားများ နံနက် ၁၀:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်နှင့် လေဟာပြင်ဈေးရှေ့မှတ်တိုင်အနီးမှထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်တင်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်းသွယ်(၃)၊ အမှတ် (၃၆၆)နေ (ဦးဘိုးကွန်း-ဒေါ်ညီမ)တို့၏ သမီး၊ (ဦးတင်ရှိန်)၏ ဇနီး၊ ဒေါ်မြင့်မြင့်ဌေး (ကုန်သွယ်/လယ်ယာ)၊ ဗိုလ်မှူးဒေါ်နွယ်နွယ်ဦး (လှိုင်ကော်မြို့)၊ ဦးအုန်းဟန် (MBL Tiger)- ဒေါ်ခင်မြဆက်၊ ဦးသိန်းထွန်းဦး (Han Seatic Co.,) - ဒေါ်အေးအေးသိန်း၊ ဗိုလ်မှူးအောင်မော်(ကလေးမြို့)-ဒေါ်မေခိုင်ဦး (ထ/၂၊မရမ်းကုန်း)၊ ဦးမောင်မောင်မြ (MOGE)- ဒေါ်ခင်လေးယုတို့၏ချစ်လှစွာသော မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၀၃ရက်တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃(စနေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် အထက်ပါ ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများမွန်းတည့်၁၂နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နန့်ခီလာ(ခ)နန့်ဖြူးတီ
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ ထီးမူးလမ်း၊ အမှတ် (၅)နေ ဦးစောစီးလာ၏ချစ်ဇနီး (နော်ဖေပြုလုံ)၏ချစ်လှစွာသော မိခင်၊ (ဦးမန်းခီလာ)ဒေါ်တုံတုံ၏သမီး၊ စသိန်းနိုင်ဝင်း၏အစ်မသည် ၂၃-၇-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) နံနက်၁၁:၃၀နာရီတွင် အင်းစိန် သတ္တမနေ့ဥပုသ်အသင်းတော် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးနှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်အမာစိန် အသက်(၆၀)
(မန္တလေး)

မန္တလေးမြို့၊ အမှတ်(၂၉)၊ဒေးဝန်းရပ် (၃၀၈)ကွက်၊ချမ်းအေးသာဇံမြို့နယ်နေ (ဦးဘရင်-ဒေါ်အေးရင်)တို့၏ သမီး၊ ဒေါ်မြစိန်၊ ဒေါ်တင်စိန်၊ ဒေါ်တင်ကြည်၊ ဦးသောင်းညွန့်(ဒု-အင်ဂျင်နီယာချုပ်၊ စက်မှု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ ဒေါ်ခင်သန်းမြင့် (မန်နေဂျာ၊ ငြိမ်း၊စက်မှု/စားကုန်)တို့၏ညီမ၊ ဒေါ်အမာကြည် (လ/ထမန်နေဂျာ၊ဘဏ်(၁)မန္တလေး)၊ ဒေါ်အမာဘိ(ကြီးကြပ်ရေးမှူး၊ ဘဏ်-၂၊ မန္တလေး)၊ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်(ခရကဥက္ကဋ္ဌ၊ပဲခူး)-ဒေါ်တင်အုန်းမြင့် (အထပြ၊ငြိမ်း)၊ ဦးသိန်းကျော်တို့၏ အစ်မ၊ မနှင်းနှင်းယု၊ မောင်မျိုးမင်းဇော်၊ မောင်လင်းထွဋ်မြင့်၊ မအေးသူသူမြင့်၊ မောင်အောင်ဟန်မြင့်တို့၏အဒေါ်သည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမြနှစ် (၈၉)နှစ်

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ သခွတ်တနယ်ကျေးရွာနေ (ဦးဖိုးမြ-ဒေါ်စု)တို့၏ သား၊ မန္တလေးမြို့နေ ဦးရေချမ်း-ဒေါ်မော်မော်(မန္တလေးဘူတာကြီး)၊ (ဦးအုန်းကျော်)-ဒေါ်ရီရီချမ်း[အမှတ်-၂၈၊ သစ္စာလမ်း၊စုပေါင်းအိမ်ရာ၊ထူပါရုံ(၁)ရပ်ကွက်၊ သာကေတမြို့]၏ ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်ဝင်း(၆၁)နှစ်
အလုပ်ရုံစိတ်မှူး(ငြိမ်း)
ဒိုင်းမွန်းအချိုရည်စက်ရုံ

မိုးကုတ်မြို့၊ထင်းရှူးခြံရပ်နေ (ဦးထွန်းအောင်-ဒေါ်စောရင်)တို့၏ သားထွေး၊ ရန်ကုန်မြို့နေ (ဦးညွန့်လှိုင်-ဒေါ်မြိုင်)တို့၏ သားသမက်၊ (ဒေါ်ရင်ရင်မြ)၊ (ဒေါ်ခင်ခင်လှ)၊ဦးအုန်းကျော်-ဒေါ်ရီရီမြင့်၊ ဦးကိုကို-ဒေါ်ခင်သန်းဌေးတို့၏ မောင်/ညီ၊ ဦးမြင့်ဟန်-ဒေါ်သန်းသန်းအေး၊ ဦးခင်ဇော်-ဒေါ်သန်းသန်းရီ၊ ဦးတင်ထွန်း-ဒေါ်စီစီသန်းတို့၏ အစ်ကို၊ မောင်ထက်ခိုင်ဇော်(ကိုဖြိုး)၊ မခိုင်သက်သက်နှင်း၊ မောင်ဝင်းလွင်မော်တို့၏ မွေးသဖခင်၊ ဒေါ်ဌေးယဉ်၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၂-၇-၂-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃ (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အဆောင် ၇၉၊ အခန်း၁၊စော်ဘွားကြီးကုန်းနေအိမ်မှ ကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးရွှေသာအောင်(၅၇)နှစ်
တပ်မတော်-ရေ(ငြိမ်း)

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ အင်ဗာလာရပ်ကွက်၊ မင်းဘာကြီးလမ်းနေ (ဦးစောလှ-ဒေါ်စိန်နု)တို့၏ သား၊ (ဦးကျော်အေး-ဒေါ်ဦးခင်)တို့၏ သားသမက်၊ ဒေါ်စိန်ကျော့၊ ဦးရွှေဇံအောင်-ဒေါ်ခင်သိန်း၊ ဦးစိန်လှအောင်-ဒေါ်အောင်သာနုတို့၏ ညီ/မောင်၊ ဦးကျော်ဆွေ-ဒေါ်ဖြူဖြူမာ၊ ဒေါ်သန်းနု၊ ဦးကျော်နီ-ဒေါ်ခင်သန်း၊ ဦးယဉ်နု-ဒေါ်သန်းကြည်၊ ဦးကျော်ခင်-ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ်(၁၄၆၅)၁/ထူပါရုံ(၁၃)လမ်းအရှေ့နေ ဒေါ်သန်းလှ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမိုးဇော်လင်း(SGS Co.,)-မခိုင်စံဝင်း၊ ကိုအေးမင်းနိုင် (MEPE ဒဂုံတောင်)၊ မအေးခိုင်ဝင်း၊ ကိုမောင်မောင်အေး(MEPE ကျောက်တံတား၊ ပန်းဘဲတန်း)၊မခင်ဖြူဝင်း(2nd Chemistry)၊ ဦးချစ်လွင်ဦး(တပ်မတော်-ရေ)တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ခင်ဝင်းမြင့်(ဗိုလ်ချုပ်ဈေး)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၂၈)-၄လွှာနေ၊ (သခင်သန်း) - ဒေါ်ခင်ကြည်တို့၏ တတိယသမီး၊ ဦးသိန်းနိုင်(ခ) ဦးသိန်းကျော်၏ဇနီး၊ ဦးစိန်အေး-ဒေါ်စန်းစန်းမြင့်(လုဝိဇ္ဇာ-ဇာဘော်လီ၊ဗိုလ်ချုပ်ဈေး)၊ ဒေါ်ခင်စန်းညွန့်တို့၏ ညီမ၊ ဦးနန်းအောင်-ဒေါ်စန်းစန်းအေးတို့၏အစ်မ၊ တူ၊တူမငါးယောက်တို့၏ အဒေါ်သည် ၂၄ -၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃(စနေနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးမှ ကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဟန်ညွန့် (၈၁)နှစ်
(ငါးသိုင်းချောင်း)

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ မြဝတီလမ်း၊ အမှတ်(၁၄)နေ ဒေါ်လှနွဲ့၏ ခင်ပွန်း၊ ရေကြည်မြို့နယ်၊ ဘွဲ့ငူရွာနေ (ဦးစောမောင်)၏ ညီ၊ (ဦးဟန်တင်)၊ (ဦးဟန်မြင့်)၊ ဒေါ်စိန်စိန်၊ငါးသိုင်းချောင်းမြို့၊ မြဝတီလမ်း၊ အမှတ်(၅)နေ ဦးခင်ချစ်တို့၏ အစ်ကိုကြီးသည် ၂၃-၇-၂၀၀၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးမှဆွေမျိုးများအား သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

မြိတ်အသင်း
ဦးဂင်တိတ်(ခ)ဦးမြင့်ထွန်း
အသက်(၇၄)နှစ်
အသင်းဝင်အမှတ်(၉၀၄)

မြိတ်မြို့၊ထားဝယ်စုရပ်နေ (ဦးဂွမ်စိန်-ဒေါ်မြတင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ ၁၄/၁ရပ်ကွက်၊မြင်သာ(၁၁)လမ်း၊ အမှတ် ၂၀၅/၁နေ (ဒေါ်တင်မြင့်)၏ခင်ပွန်းသည် ၂၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများမွန်းလွဲ ၁:၃၀နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောတာချို (၆၂)နှစ်
ဆိပ်ကမ်းတိုင်းတာရေးဌာန(ငြိမ်း)

လှည်းကူးမြို့နယ်၊ ကျွန်းကုန်းရွာနေ (ဦးစောဘော-နော်စိန်ခင်)တို့၏ သား၊ (နော်မူးမူး-စောဖိုးကြည်)တို့၏ သားသမက်၊ နော်ဘွေဖော၏ ခင်ပွန်း၊ စောလစ်ဇစ်စတုန်း၊ စောရုစပက်၏ညီ၊ (စောကြာဖိုး)၏ အစ်ကို၊ နော်အယ်ဖိ-ဦးဉာဏ်ဝင်း၊ စောရီးရို-နော်ထယ်နီ၊ စောကူသေး-နော်မီမီဝင်း၊ စောဆာမယ်ထော်၊စောဆာကပေါ်၊ နော်ဘွေဝါးတို့၏ ချစ်လှစွာသောဖခင်၊ နော်အယ်ဆဲဂေး၊ စောမူးဆိုး၊ နော်အယ်ဆဲဝါး၊ စောဝေထူး၊ စောနဲ့တာ၊စောရှုန်၊ စောရန်မွန်ကူသေး၊ နော်ခါရီကူသေးတို့၏ ဘိုးဘိုးသည် ၂၃-၇-၂၀၀၃ ရက်တွင် အမှတ်(၁၁၇၂)၊ ဟိုက်ပတ် ၂လမ်း၊ အင်းစိန်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့)မွန်းတည့်၁၂နာရီတွင် ကေသရေမန် ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးကရင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးမြင့်(ခ)ဒေါ်နီထွေး
အသက်(၆၁)နှစ်
(ကမ်းနားဟိုတယ်-ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၁၆)၊သီတာလမ်း၊ခြောက်လွှာနေဦးဉာဏ်ထွန်း (ကမ်းနားဟိုတယ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးသန်းနွဲ့)၊ ဒေါ်ခင်ရွှေ၏တူမ၊ ဦးကိုကိုမောင်(ခေတ္တ-မလေးရှား) - မသဇင်(ခေတ္တ-စင်ကာပူ)၊ မမြတ်စန္ဒာထွန်း(M.F.T.B)၊ ကိုအောင်သူ-မအိအိထွန်းတို့၏ မိခင်၊ ဦးအောင်နိုင်မြင့် - ဒေါ်သန်းကြည်(ကမ်းနားဟိုတယ်၊ ငြိမ်း)၊ မောင်ဇေယျာဝင်း-မသဲဖြူအောင်တို့၏ အစ်မ/ကြီးတော်၊ မအိန္ဒြာသီရိခေတ်(ထ-၂၊ လသာ)၊ မအိန္ဒြေထက်ဦးကျော်၊ မမေကြည်ဖြူဝင်းတို့၏ ဘွားဘွားကြီးသည် ၂၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၇-၂၀၀၃(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကိုကို (၄၈)နှစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးစိုးမြင့်-ဒေါ်အေးသန်းတို့၏ သား၊ ကိုကျော်စိုးမိုး (အမှတ်-၅၊နယ်မြေ ယာဉ်ထိန်း)-မချိုချိုမာတို့၏ အစ်ကိုသည် ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၆၇)၊ သီရိလမ်း၊စမ်းချောင်းမြို့နယ်တွင်ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံခြားအထင်ကြီးစိတ်နှင့် ပြည်ပတွင်တရားမဝင်အလုပ်လုပ်လိုခြင်းသည် မှားယွင်းသောအယူအဆဖြစ် တရားမဝင်သွားရောက်ခဲ့သည့် မြန်မာအမျိုးသမီးအများစု ဒုက္ခနှင့်ကြုံတွေ့ကြရသည်ကိုနမူနာယူ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှု ဟန့်တားနှောင့်ယှက်သည့် လူကုန်ကူး လူပွဲစားများကို ဝိုင်းဝန်းဖော်ထုတ်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သော ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များသည် မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည်၊ မိတ္ထီလာ၊ ပုသိမ်ကြီးမြို့များသို့သွားရောက်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာရေး၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်သော ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင်၊ ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကျောက်ဆည်မြို့နယ်ခန်းမတွင်ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်လေးမြို့နယ်မှ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များမှ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဖွား တိုင်းရင်းသား လူငယ်မျိုးဆက်သစ်တို့အတွက်

ပင်လုံအစိုးရကွန်ပျူတာကောလိပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံဒေသတွင် နိုင်ငံတော်အစိုးရက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၌ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုအတွက် အထွတ်အထိပ်ရောက်ရှိစေခဲ့သော သမိုင်းအတွက် နိုင်ငံတော်အစိုးရက ဂုဏ်ပြုဖွင့်လှစ်ပေးခဲ့သည့် တက္ကသိုလ်နှင့် ကောလိပ်များအနက် အစိုးရကွန်ပျူတာကောလိပ်ကြီးကို တွေ့ရစဉ်။ (အဆိုပါ ကွန်ပျူတာကောလိပ်ကြီးတွင် ယခုအခါ ကွန်ပျူတာသင်တန်းပေါင်းလေးရပ်၌ တောင်တန်းဒေသများမှ တိုင်းရင်းသားမျိုးဆက်သစ် လူငယ်ပေါင်း ၄၀၀ နီးပါးတို့ တက်ရောက်သင်ကြားလျက်ရှိနေကြသည်ဟု သိရသည်။) (ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်

ရန်ကုန် ဇူလိုင် ၂၄

ပင်လုံဒေသသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ အထွတ်အထိပ် မော်ကွန်းကမ္ပည်းစိုက်ထူနိုင်ခဲ့သော ဒေသဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး စတင်သန္ဓေတည် မွေးဖွားရာ ဘူမိနက်သန် အောင်မြေလည်းဖြစ်ပေသည်။

လမ်းညွှန်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြီး၏ သမိုင်းစဉ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သော ပင်လုံဒေသ၏ ထူးခြားလေးနက်သည့် ဂုဏ်ဒြပ်နှင့်ထိုက်တန်စွာ ဂုဏ်ပြုချီးမြှောက်နိုင်စေရအောင် ပင်လုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ပေးသွားရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုအခါ ပင်လုံဒေသတွင် ဒေသခံပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးဆက်သစ်လူငယ်များအတွက် ပညာရေးအခြေခံကောင်းများဖြစ်သည့် ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရကွန်ပျူတာကောလိပ်၊ ပင်လုံနည်းပညာကောလိပ်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် လွိုင်လင်ခရိုင်ဆေးရုံကို ခုတင်(၂၀၀)ဆံ့အထူးကုဆေးရုံကြီးအဖြစ် သတ်မှတ်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အစိုးရ ကွန်ပျူတာကောလိပ်(ပင်လုံ)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို နောင်တုံ ဆောက်လုပ်ရေး ကုမ္ပဏီသည် စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍

ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။